# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၁၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း (အမျိုးသမီး)(ဂီတာ) အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ❖*





## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးအကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

❖ *ရှေ့ဖုံးမှ*

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်အားပေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာအသုံးပြု၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ အနုသုခုမရသစုံလင်လှသည့် ဆို၊ ငို၊ ပြော အကအလှများဖြင့် ကကြိုးကကွက်စုံလင်စွာ ယှဉ်ပြိုင်ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပသည့် အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း (အမျိုးသမီး) (ဂီတာ) အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များက **"ဝေဘာဂီရိ" (ကြိုး)** သီချင်းအား သီချင်း၏ရသပေါ်လွင်စေပြီး နားဆင်သူများ နားဝင်ပီယံရှိစေရန် လက်စွမ်းပြတီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❒ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် သဘင်ကို ချစ်မြတ်နိုးကြသည့်မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်တို့သည် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု "ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်" ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟာဇနကဇာတ်တော်ကြီး တီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင် ဇာတ်စာ၊ ဇာတ်စကား၊ ဆို၊ ငို၊ ပြော ပညာရပ်များနှင့်ပေါင်းစပ်၍ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။



ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု "ရွှေရန်ကုန်တိုင်းဇာတ်အလှသဘင်" ဇာတ်တော်ကြီးအဖွဲ့က မဟာဇနကဇာတ်တော်ကြီး ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်စဉ်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အကဲဖြတ်ဆောင်ရွက်ပေးနေသည့်အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**ပါဝင်ယှဉ်ပြိုင်**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု "မဟာရော" ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု "ဖန်ခါးမြေ" ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် မွန်ပြည်နယ် ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု "မန်းမြို့ ဂုဏ်ရည်" ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု "ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်" ဇာတ်တော်ကြီးအဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့များက ဆက်လက်ပါဝင် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ခိုလမ်မြို့၊ ကွန်ဟိန်းမြို့၊ ကျေးသီးမြို့၊ မိုးနဲမြို့နှင့် မိုင်းနောင်မြို့တို့၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲများပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၈**

သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပွဲကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ မြို့တွင်းလမ်းမကြီး တစ်လျှောက်၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်လောင်းလှူကြ သည်။

ဦးစွာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များက မြို့တွင်း လမ်းမကြီးတစ်လျှောက် အလှူခံကြွချီတော်မူကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။

ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကွန်ဟိန်းမြို့၊ ကျေးသီးမြို့၊ မိုးနဲမြို့နှင့် မိုင်းနောင်မြို့တွင်လည်း မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်စိမ်း လောင်းလှူပွဲ ပြုလုပ်ကာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အနည်းငယ် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အအသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

## လှည်းကူးမြို့နယ် တံခွန်တိုင်(အင်းစိန်)ကျေးရွာတွင် တိုက်ရိုက်မျိုးစေ့ချကိရိယာ (Seeder)စနစ်ဖြင့် စိုက်ပျိုးထားသော မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲကျင်းပ

**လှည်းကူး အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် တိုက်ရိုက်မျိုးစေ့ချကိရိယာ (Seeder) စနစ်ဖြင့် စိုက်ပျိုးထားရှိသည့် စူပါနံ့ကောက် မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီက တံခွန်တိုင် (အင်းစိန်) ကျေးရွာအုပ်စု ကွင်းအမှတ်-၅၀၄၊ မောင်ကြီးရိုးကွင်း၊ ဦးပိုင်အမှတ်-(၁၅/၂)၊ တောင်သူဦးမျိုးမင်းထိုက်၏ မိုးစပါးစံပြကွက် ၇ ဒသမ ၀၁ ကေ၌ ကျင်းပသည်။

ထိုသို့တိုက်ရိုက်မျိုးစေ့ချကိရိယာ (Seeder) စနစ်ဖြင့် စိုက်ပျိုးထားရှိသည့် စူပါနံ့ကောက် မိုးစပါးစံပြကွက် ၀ ဒသမ ၁၀ ဧကကို စပါးချွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာတွင် တစ်ဧက အစိုအထွက်နှုန်းအနေဖြင့် ၁၁၃ တင်းနှုန်းနှင့် တစ်ဧကအခြောက်အထွက်နှုန်းအနေဖြင့် ၁၀၂ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံပြကွက် ရိတ်သိမ်းရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းအောင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး အဆင့်မြင့်ပညာအဆင့် အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ**

ယနေ့တွင် **"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရေဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သီလာဝေယံ"(ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "သီလာဝေယံ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတ တေးသီချင်းဆိုပြိုင်ပွဲတွင် ချင်းပြည်နယ်မှ အမျိုးသမီးတစ်ဦး သီဆိုယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

**"ကာလပေါ်" တေးသီချင်း အဆိုပြိုင်ပွဲ**

**"ကာလပေါ်" တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Banquet Hall ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရေဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဂ္ဂင်ရှစ်ပါး" သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရေဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချစ်စရာ့ ရွှေတမာ" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အက**ပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ အနုသုခုမ ရသစုံလင်လှသည့် ဆို၊ ငို၊ ပြော၊ အကအလှများဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ငြိမ့်ညောင်းသည့် ကကြိုးကကွက်များဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့် (၁၀-၁၅နှစ်) အမျိုးသား တယောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




အရေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

**အရေး**ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူငယ်အားမာန် အမြဲရှင်သန် နိုင်ငံပြည်ကျိုးဆောင်သယ်ပိုး" ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**ဂီတာအတီးပြိုင်ပွဲ**

**ဂီတာအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုန်းမိုးသွန်းလောင်း" (သီချင်းခံ) သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရေဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မန္တလာဘုံ" (ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူမနေ့ှာ" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ"

*စာမျက်နှာ ၆ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဝါသနာရှင်အဆင့် (ပထမတန်း) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ရွှေဇေယျာရုပ်စုံသဘင်အဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၅ မှ*

(ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြမန်းဂီရိ” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လာချေပြီ” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ခန်းတွင်းရိပ်သာ”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖူးပွေ့လက်တင်” (ဘောလယ်) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စံရာတောင်ကျွန်း” (ကြိုး)သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စံရာတောင်ကျွန်း” (ကြိုး) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**တယောတီးပြိုင်ပွဲ ယှဉ်ပြိုင်**

**တယော အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကျွန်းကျွန်းပိုင်သ” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “နန်းဘုံသီဟာဘွေ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေပြည်ကြီးရော” (ကြိုး) သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။





ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့်ဇနီး ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

**ပတ္တလားအတီးပြိုင်ပွဲ ယှဉ်ပြိုင်**

**ပတ္တလား အတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရီရီဆိုင်းဆိုင်း” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လျှပ်ပန်းခွေနွဲ့” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မင်္ဂလာသီရိ” (ဘွဲ့) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့် (၁၅-၂၀ နှစ်) အမျိုးသားအကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ကပြယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝေဇယန္တာ” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝေဇယန္တာ” (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေညီလာ” (လေးထွေသံကတ်) သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထောင်ရောင်နေကသာ” (သီချင်းခံ) သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ ယှဉ်ပြိုင်**

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **ဝါသနာရှင် အဆင့်(ပထမတန်း)** ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ရွှေဇေယျာရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှုများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီး ပြိုင်ပွဲ**ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် **ဝါသနာရှင်အဆင့် (ပထမတန်း)** ပြိုင်ပွဲတွင် “မဟာဇနက” ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှုများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မန်းငြိမ်းမောင်၊ ဒေါက်တာဘရှေနှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်သည့် ဦးကိုကိုလှိုင်၊ ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဦးတင်ဦးလွင်၊ ဦးညဏ်ထွန်း၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။





ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပတ္တလားတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် ဇာတ်တော်ကြီးပြိုင်ပွဲအတွက် "မဟာဇနက" ဇာတ်တော်ကြီးကို လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲအတွက် "ဝေဿန္တရာ" ဇာတ်တော်ကြီးကို လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား/ အမျိုးသမီး ရုပ်သေးကြိုးဆွဲပြိုင်ပွဲအတွက် မင်းသားနှင့် ဇော်အရုပ်ကြိုးဆွဲပြိုင်ပွဲကို လည်းကောင်း ထည့်သွင်းယှဉ်ပြိုင်လျက်ရှိသည့် အပြင် ရှားပါးပညာရပ်တစ်ခုဖြစ်ပြီး တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် နှုတ်မှုစွမ်းရည်ပြ "ကွက်စိပ်" ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အတွက် "မဟာသုတသောမ" ဇာတ်နှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အတွက် "သမုဒ္ဒဝါဏိဇ" ဇာတ်တို့ကို ယှဉ်ပြိုင်ရန် သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ် ဂုဏ်မင်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ သတ္တမအကြိမ် ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု ဂုဏ်မင်းအင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ အဌမအကြိမ်မြောက် ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ က မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၁၅ သန်းကို လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဂုဏ်မင်းအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦး နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား အသင်းသူ ၁၇၆ ဦးကို အဌမအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၁၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**

## ထန်းတပင်မြို့နယ် မြောက်လွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ထန်းတပင် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောက်လွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ ထန်းတပင်မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြောက်လွတ်ကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ/မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြောက်လွတ်ကုန်းကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ်ကျပ်သိန်း ၃၀၀ ဖြင့်စတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဆဌမအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၀၀ အား အသင်းသား အသင်းသူ ၉၅ ဦးကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**



## ဝါသီးနှံအထွက်နှုန်း၊ အရည်အသွေးတိုးတက်မြင့်မားရေး၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းမှုနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့အဆင့်ဆင့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေး သင်တန်းဖွင့်

**ကျောက်ဆည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်)၌ ယမန်နေ့နံနက်ပိုင်းက ဝါသီးနှံအထွက်နှုန်း၊ အရည်အသွေး တိုးတက်မြင့်မားရေး၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းမှုနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့အဆင့်ဆင့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်း ဖွင့်လှစ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။



သင်တန်း၌ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းထိန်က ဝါသီးနှံသည် နိုင်ငံတော်၏ မူဝါဒအရ အရေးကြီးသောသီးနှံဖြစ်ကြောင်း၊ တစ်ဧကေ ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေး စိုက်ပျိုးနည်းစနစ်များအား စနစ်တကျလေ့လာသင်ယူသွားရန် အရေးကြီးကြောင်း ပြောကြားသည်။

အဆိုပါသင်တန်း၌ ဝါသီးနှံနှင့်ပက်သက်၍ ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေး စိုက်ပျိုးနည်းစနစ်များ၊ အရည်အသွေးကောင်း ဝါမျိုးစေ့ထုတ်လုပ်ပုံအဆင့်ဆင့်၊ ပိုးမွှားနှင့်ကာကွယ်နှိမ်နင်းနည်းများ၊ ဝါအပင်အတွက် အရေးကြီးသော အာဟာရဓာတ်များနှင့် ဝါသီးနှံရေကြီးနစ်မြုပ်ဖြစ်ခဲ့ပါက ပြန်လည်ကုစားရမည့် နည်းလမ်းများ စသည့်ဘာသာရပ်များအား စာတွေ့သင်ကြားပို့ချခဲ့ပြီး ဝါစိုက်ခင်းများ၌ ဝါသီးနှံမျိုးကွဲနုတ်ပယ်ခြင်း၊ ပိုးမွှားမှတ်တမ်း ကောက်ယူခြင်း၊ ဝါအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်း၊ မျိုးကူးစပ်ခြင်းများနှင့် သီးလုံးဖောက် ပိုးဒဏ်ခံနိုင်ရည်ရှိသော Bt gene ပါဝင်မှု ရှိ/မရှိ စစ်ဆေးခြင်းတို့အား လက်တွေ့သင်ကြားခဲ့ကြောင်းနှင့် သင်တန်းအပြီးတွင် ဆန်းစစ်စာမေးပွဲကျင်းပပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။**သက်မောင်(ကျောက်ဆည်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မိတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

# ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပဉ္စမနေ့ မြင်ကွင်းပုံရိပ်များ


အရေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်မှုကို ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးကြစဉ်။



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားဂီတာအတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ဦးအောင်နိုင်စိုး တီးခတ်ယှဉ်ပြိုင်စဉ်။


ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးအကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ယွန်းသံစဉ် ကပြယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မကြည်ကြည်သာ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။


အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတ တေးသီချင်း အဆိုပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မအေးသက်ထားဇော် သီဆိုယှဉ်ပြိုင်စဉ်။


ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ဦးဝင်းဗိုလ် တီးခတ်ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် အမျိုးသားပတ္တလားအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်စဉ်။


အဆင့်မြင့်ပညာအဆင့် အမျိုးသမီးတယောအတီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မဇင်းမင်းမင်းအေး တီးခတ်ယှဉ်ပြိုင်စဉ်။






အခြေခံပညာအဆင့် (၁၀ - ၁၅ နှစ်) အမျိုးသမီးပတ္တလားအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မဇူးဇူးစံ တီးခတ်ယှဉ်ပြိုင်မှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတ တေးသီချင်းအဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မမြင့်မြင့်စန်း သီဆိုယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (၁၀ - ၁၅ နှစ်) အမျိုးသားတယောအတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်မင်းမင်းဦး တီးခတ်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ဝါသနာရှင်အဆင့် (ပထမတန်း) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ သျှားထက်ဇော် တီးခတ်ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (၁၅ - ၂၀ နှစ်) အမျိုးသားအကပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ကပြယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပတ္တလားအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ နန့်ကေသီ တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

ဓာတ်ပုံ - မြန်မာ့အလင်းသတင်းအဖွဲ့

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးက ကျွန်မတို့လို မြန်မာ့သဘင်နဲ့ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးနှစ်သက်သူတွေအတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ ပြိုင်ပွဲကြီးဖြစ်ပါတယ်

မအယ်လ်မွန်

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဇင်ဦး၊ နွဲ့မွန်၊ ဓာတ်ပုံ- တင်စိုး၊ ဟိန်းထက်ဇော်**

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိရာ အောက်တိုဘာ ၁၈ ရက်တွင် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ ရင်တွင်းခံစားချက်စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**မနွေးနွေးထက်(မွန်ပြည်နယ်)**
**ဆိုင်းတစ်ဦးချင်း၊ ပတ္တလားတစ်ဦးချင်း**
**(အခြေခံပညာ ၁၅-၂၀)**

သမီးက ဆိုင်းတစ်ကိုယ်တော်၊ ပတ္တလား တစ်ကိုယ်တော် (၁၅-၂၀) အဆင့်မှာ ပြိုင်မှာပါ။ အခုပြိုင်ပွဲကြီးမှာ ယှဉ်ပြိုင်ဖို့အတွက် တစ်နေကုန်မနားမနေ ကျင့်ရတယ်၊ ဆိုင်းဆိုရင်လည်း လက်တွေကွဲပြဲနေအောင် ကျင့်ရတယ်။ ရွှေတံဆိပ်ရအောင်လည်း အကောင်းဆုံးကြိုးစားပြင်ဆင်ထားတယ်။ ပြိုင်ပွဲ ပြိုင်ရတာ ကြောက်စိတ်မရှိဘူး။ တအား ပျော်တယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ (၂၃) ကြိမ်မြောက်က စပြိုင်တာ အသက် (၁၀-၁၅)အဆင့် ဆိုင်းတစ်ကိုယ်တော်၊ ပတ္တလားတစ်ကိုယ်တော် ရွှေတံဆိပ်ဆုနှစ်ဆုရတယ်။ (၂၄) ကြိမ်မြောက်မှာ အသက်(၁၅-၂၀)အဆင့်နဲ့ ဆိုင်းတစ်ကိုယ်တော်၊ ပတ္တလားတစ်ကိုယ်တော် ရွှေတံဆိပ်ဆုနှစ်ဆုရတယ်။ ဒီနှစ်လည်း ကိုယ့်ကိုယ်ကိုယ် ရွှေရမယ်လို့ ယုံကြည်တယ်။ အခုလို ပြိုင်ပွဲပြိုင်ရတော့ အတွေ့အကြုံတွေ ပိုရတယ်။ တချို့သူများတွေ တီးရင်းမှားတဲ့ အမှားတွေကိုကြည့်ရင်း ကိုယ်မမှားအောင် လုပ်တယ်၊ ရွှေတံဆိပ်ဆုရတဲ့သူတွေဆီကလည်း ပညာတွေရအောင် ကြည့်တယ်။ လိုက်လေ့ကျင့်တယ်၊ အတုယူတယ်။ ဆိုင်းနဲ့ပတ္တလားအတီးမှာ လက်ဦးဆရာကတော့ ဖေဖေပေါ့။ သူကတော့ အနီးကပ်သင်ကြားပေးတယ်။ နောက်ထပ် ဘာဘာ မွန်ပြည်နယ် ကိုကိုနိုင်ဆီကနေလည်း သင်ယူခဲ့ပါတယ်။ အခုလို ငွေရတုအထိမ်းအမှတ်ပြိုင်ပွဲကြီးမှာ ကျင်းပတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**သားချစ်စွမ်း (စစ်ကိုင်းတိုင်းဒေသကြီး)**
**အက (အခြေခံပညာအဆင့်**
**အသက် ၁၅ နှစ်-၂၀ နှစ်)**

ပထမဆုံးအကြိမ် လာရောက်ယှဉ်ပြိုင်တာပါ ခင်ဗျာ။ အကပညာကိုတော့ တက္ကသိုလ်ဝင်တန်းပြီးတဲ့အချိန်မှာ စပြီး သင်ယူခဲ့ပါတယ်။ ကျွန်တော့်ဆရာကတော့ အကဆရာကြီး ဦးမြင့်သိန်းဖြစ်ပါတယ်။ ဆရာကြီးက ဇာတ်မင်းသား ဖိုးချစ်ရဲ့ ဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ နံပါတ်စဉ် ၁၁ နဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ အခုအသက်က ၁၈ နှစ်ရှိပါပြီ။ ကျွန်တော့်အတွက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ ဆုတစ်ခုခုရလိုပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်က အပြင်မှာလည်း ဇာတ်ကပါတယ်။ ဒါကြောင့် မှတ်ကျောက်တစ်ခုအနေနဲ့ ပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်တာလည်း ဖြစ်ပါတယ်။ အခုမှ သင်ယူလေ့လာတုန်းဆိုပေမယ့် တစ်နေ့မှာ အကောင်းဆုံးကပြနိုင်တဲ့ နိုင်ငံကျော် ဇာတ်မင်းသား ဖြစ်ချင်ပါတယ်။ ပြိုင်ပွဲအတွက်လည်း အကောင်းဆုံးကြိုးစား လေ့ကျင့်ခဲ့ပါတယ်။ ဗဟိုအဆင့်အထိ တက်လှမ်းယှဉ်ပြိုင်ခွင့်ရလို့လည်း ဂုဏ်ယူမိပါတယ်။


မနွေးနွေးထက်


သားချစ်စွမ်း


မအယ်လ်မွန်


မသုသုသံသာအောင်


မသဲအိမ့်မွန်


မောင်မင်းမင်းဦး

**မအယ်လ်မွန် (ချင်းပြည်နယ်)**
**ဝါသနာရှင် (ပထမတန်း)**
**အဆို (မဟာဂီတ)**

မနှစ်ကစပြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်ပြိုင်ခဲ့တယ်။ ဆုတော့မရခဲ့ပါဘူး။ ဒီနှစ်တော့ ဆုရရှိဖို့ မျှော်လင့်ပြီး အကောင်းဆုံးကြိုးစားလေ့ကျင့်ယှဉ်ပြိုင်ခဲ့ပါတယ်။ ကျွန်မက အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်မှာ မဟာတန်း ပထမနှစ်တက်နေသူဖြစ်ပါတယ်။ မြန်မာ့ရိုးရာ အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးက ကျွန်မတို့လို မြန်မာ့သဘင်နဲ့ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးနှစ်သက်သူတွေအတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ ပြိုင်ပွဲကြီးပါ။ ကိုယ်တိုင်ကလည်း သဘင်မေဂျာနဲ့ မဟာတန်းတက်နေရသူဖြစ်တဲ့အတွက် ကျွန်မတို့ ရိုးရာယဉ်ကျေးမှု အနုသုခုမတွေကို ပိုပြီးတန်ဖိုးထားတတ်လာတယ်။ ကျွန်မတို့ သဘင်မေဂျာမှာ အက (အထူးပြု)၊ မဟာဂီတအဆို၊ ဇာတ်တော်ကြီး ဆို၊ ငို၊ ပြော၊ စတိုတ်ခုံပြင်ဆင်ဖန်တီးမှုအတတ်ပညာဆိုပြီး ဘာသာရပ်ငါးခုရှိပါတယ်။ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး တက္ကသိုလ်မှာ ပိုပြီးပြည့်စုံအောင် သိခွင့်ရခဲ့တယ်။ ကျွန်မကိုယ်တိုင်က ဝါသနာပါတဲ့အတွက် တက္ကသိုလ်ဝင်တန်းအောင်ပြီးတဲ့အခါ ဒီတက္ကသိုလ်ကို ရွေးချယ်ခဲ့တာပါ။ အခုနောက်ပိုင်းမှာ ကျွန်မတို့ ဒေသက မောင်လေး၊ ညီမလေးတွေလည်း အနုပညာတက္ကသိုလ်ကို စိတ်ဝင်စားခဲ့ရင် ကျွန်မက ချိတ်ဆက်ပြီး အစစအရာရာ ကူညီလမ်းပြပေးပါတယ်။ အနုပညာနဲ့ ကျွန်မတို့ လူမျိုး၊ ကျွန်မတို့နိုင်ငံကို တတ်စွမ်းသလောက် မြှင့်တင်ပေးချင်တဲ့ စိတ်ကြောင့် အခုလို ရွေးချယ်ထားခဲ့ပြီး မြန်မာ့အနုပညာ မတိမ်ကောအောင် ကျွန်မဆက်ပြီး ကြိုးစားသွားမှာပါရှင့်။ ပိုပြီးတော့ ထူးခြားတာက ကျွန်မရဲ့ အသက်က အခု (၂၅) နှစ်ပြည့်ပါပြီ။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကလည်း (၂၅) ကြိမ်မြောက်ဆိုတော့ ထူးထူးခြားခြားကံကောင်းမယ်လို့ ယုံကြည်ထားပါတယ်။

**မသုသုသံသာအောင် (မွန်ပြည်နယ်)**
**(အသက် ၁၅- ၂၀) အဆို၊**
**(မဟာဂီတ/ခေတ်ဟောင်းကာလပေါ်)**

ကျွန်မက Grade - 10 ကျောင်းသူပါရှင့်။ အထက ၇ မော်လမြိုင်မြို့ကပါ။ ဒီနှစ်ပထမဆုံး စတင်ယှဉ်ပြိုင်တာပါ။ နှစ်ဘာသာပြိုင်တာဆိုတော့ ပြဋ္ဌာန်းသီချင်း ရှစ်ပုဒ် လေ့ကျင့်ထားပါတယ်။ မဟာဂီတမှာ ဆီးနှင်းပြိုက်ကျနဲ့ ယှဉ်ပြိုင်ခဲ့ပြီး ဒီညနေမှာတော့ ခေတ်ဟောင်းကာလပေါ်နဲ့ ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ သီချင်းကြီး တော်တော်များများကိုတော့ အလွတ်ရပါတယ်။ ခေတ်ဟောင်းကာလပေါ်မှာ ချစ်စရာ့ ရွှေတမာသီချင်းကို အကြိုက်ဆုံးပါ။ ကျွန်မရဲ့ ဝါသနာက အဆိုတော်တစ်ယောက် ဖြစ်လာဖို့ပါ။ ခေတ်ဟောင်း သီချင်းတွေရော၊ အခုခေတ်ပေါ် သီချင်းတွေရော တော်တော်များများ နားထောင်ဖြစ်သလို ကြိုက်လည်း ကြိုက်နှစ်သက်ပါတယ်။ သမီး ဒီကနေပြန်သွားခဲ့ရင် ပြိုင်ပွဲကြီးရဲ့ အတွေ့အကြုံတွေ၊ လေ့ကျင့်ခဲ့တဲ့အကြောင်းတွေနဲ့ ပြိုင်ပွဲကြီးထဲက စိတ်ဝင်စားစရာ အကြောင်းတွေကို သူငယ်ချင်းတွေကို ပြောပြမယ်။ နောက်နှစ်မှာ သူတို့ကိုလည်း ပါဝင်ယှဉ်ပြိုင်ကြဖို့ တိုက်တွန်းမယ်ရှင့်။

**မသဲအိမ့်မွန် (စစ်ကိုင်းတိုင်းဒေသကြီး)**
**အတီး (ဂီတာ၊ ဒုံမင်း၊ မယ်ဒလင်)**
**(အသက် ၁၀ နှစ်- ၁၅ နှစ်)၊**
**(အသက် ၁၅-၂၀ နှစ်)**

မနှစ်က မယ်ဒလင်၊ ဒုံမင်းပြိုင်ခဲ့ပါတယ်။ နှစ်မျိုးစလုံးမှာ ရွှေတံဆိပ်ရခဲ့ပါတယ်။ ဒီနှစ်တော့ တူရိယာသုံးမျိုး ယှဉ်ပြိုင်သွားမှာပါ။ ဂီတာ၊ မယ်ဒလင်၊ ဒုံမင်း သုံးမျိုးပါရှင့်။ သမီးရဲ့ ဖိုးဖိုးက သမီးကို သင်ကြားပေးတာပါ။ သမီး ကိုယ်တိုင်လည်း ဝါသနာပါပါတယ်။ တူရိယာတွေကို တီးနေရရင်ကို ပျော်စရာကောင်းပါတယ်။ ငယ်ငယ်လေးကတည်းက တီးခတ်ခဲ့တဲ့အတွက် သမီးနဲ့အားလုံးက ရင်းနှီးနေပြီးသားမို့ တအားကြီး လေ့ကျင့်ရတာတော့ မရှိပါဘူးရှင့်။ နောက်နှစ်တွေမှာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွေရှိပါစေလို့ သမီး ဆုတောင်းပါတယ်။ ဒါမှ သမီးတို့လည်း နှစ်တိုင်း ပိုပိုပြီး ကြိုးစားဖြစ်မှာပါ။

**မောင်မင်းမင်းဦး**
**(ကချင်ပြည်နယ်)**
**တယောပြိုင်ပွဲ (အသက် ၁၀-၁၅)**

(၂၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး တယောပြိုင်ပွဲမှာ ရွှေပြည်ကြီးရော(ကြိုး)သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ သီချင်း ၃ ပုဒ်ကို ၃ လကျော်နဲ့ ကြိုတင်ပြင်ဆင်ပြီး လေ့ကျင့်ခဲ့ပါတယ်။ လေ့ကျင့်တဲ့အချိန်ကတည်းက ဒီသီချင်းကိုအလွန်ကို ကြိုက်နှစ်သက်ပါတယ်။ ပြိုင်ပွဲဝင်တဲ့အခါမှာလည်း ဒီသီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ရတဲ့အတွက် အမှားအယွင်းမရှိ ပိုင်ပိုင်နိုင်နိုင် ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ (၂၄) ကြိမ်မြောက်မှာလည်း ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ ငွေတံဆိပ်ဆုနဲ့ ကျေနပ်ခဲ့ရပါတယ်။ ဒီနှစ် (၂၅) ကြိမ်မြောက်မှာ ရွှေတံဆုကြီးရရှိနိုင်ဖို့ အများကြီးကြိုးစားပြင်ဆင်ခဲ့ပါတယ်။ ကျွန်တော်တို့လို မျိုးဆက်သစ်ကလေးတွေအနေနဲ့လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေတွေကို ထိန်းသိမ်းဖို့ မိဘတွေအနေနဲ့လည်း အားပေးကြပါ၊ နွေရာသီကျောင်းပိတ်ကာလတွေမှာ ယဉ်ကျေးမှုအနုပညာ သင်တန်းတွေကိုလည်း တက်ခွင့်ပေးပြီး အားပေးကြပါလို့ ပြောချင်ပါတယ်ခင်ဗျာ။ အခုလို နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ ထိန်းသိမ်းဖို့ နိုင်ငံတော်အကြီးအကဲကြီးတွေ အနေနဲ့ ပြိုင်ပွဲကြီးတွေ ကျင်းပပေးတဲ့အပေါ်မှာလည်း အများကြီးကျေးဇူးတင်ရှိပါတယ် ခင်ဗျာ။

---

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ

**နေပြည်တော် အောက်တိုဘာ ၁၈** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# တပ်ကုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ အိုးအိမ်ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဝင်များသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည့် ရေဘေးသင့် အိမ်ထောင်စုများသို့ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ကူညီထောက်ပံ့ ဆောင်ရွက်ပေးနေမှုအခြေအနေနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ရာဂီမုန်တိုင်း ဆက်စပ်ရေဘေးကြောင့် လုံးဝမျောပါ/ ပျက်စီးခဲ့ကြသည့် နေအိမ်များအတွက် တစ်အိမ်လျှင် ငွေကျပ် ၂၃ သိန်းငါးသောင်းနှုန်းဖြင့် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ်သိန်း ၁၃၁၆၀ နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် တစ်အိမ်လျှင်ငွေကျပ် ၁၇ သိန်း ၅ သောင်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၆၃၃၅ သိန်းကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက စည်သွတ်ဘူးနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး ရေဘေးသင့်မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးဝေသည်။



ဆက်လက်၍ တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာ၌ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော အခြေခံပညာ အထက်တန်းကျောင်းခွဲ စာသင်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရှောက်ကုန်းကျေးရွာအတွင်း ရေကြီးနစ်မြုပ်မှုဒဏ်ကြောင့် ပျက်စီးခဲ့ရသည့်နေအိမ်များအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေဖြင့် နေအိမ်များ ပြန်လည်ဆောက်လုပ်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက် အမှတ်၊ M–9 ရှိ ဇော်တိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ်၊ M–5 & M–6 ရှိ ရတနာစီမံကိန်းတို့တွင် Geophysical Site Survey လုပ်ငန်းများအား SMS RADIANCE ရေယာဉ်ဖြင့် ကမ်းလွန်လုပ်ကွက် M–9 ရှိ Proposed Well Location ဖြစ်သော GSI Zawtika 21 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၁၈.၅၈၇၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၄ မိနစ် ၅၆.၂၇၆၇၈ စက္ကန့်၊ Proposed Well Location ၏ Survey Boundary တည်နေရာများဖြစ်သော Corner–1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၂၀.၈၅၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၂၅.၂၉၈၉ စက္ကန့်၊ Corner–2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၅၅.၈၉၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၃၄.၅၃၇၈ စက္ကန့်၊ Corner–3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၁၆.၃၁၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇.၂၄၂၀ စက္ကန့်နှင့် Corner–4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၄၁.၂၇၄၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၄ မိနစ် ၁၈.၀၂၄၇ စက္ကန့်၊ ကမ်းလွန်လုပ်ကွက်အမှတ် M–9 ရှိ Platform Location တည်နေရာများဖြစ်သော Zawtika–40 to ZWP–16 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၅၅.၁၂၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၂၄.၀၂၅ စက္ကန့်၊ Zawtika–40 to ZWP–14 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆ မိနစ် ၄၂.၅၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ် ၁၇.၇၃၁ စက္ကန့်၊ Zawtika–38 to ZWP–8 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၅၅.၆၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၂၄.၈၇၈ စက္ကန့်နှင့် Zawtika–35 to PLEM 7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၄၀.၈၄၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၀ မိနစ် ၅၀.၀၅၂ စက္ကန့်၊ Platform Location ၏ Connection Location များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၁.၅၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၅.၂၉၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄.၉၉၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၁.၂၀၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၀၄.၃၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၂၁.၅၂၅ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၅.၆၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၀.၄၀၄ စက္ကန့်၊ ကမ်းလွန်လုပ်ကွက် M–5/M–6 ရှိ Proposed Well Location များဖြစ်သော M5–Exp C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၅.၀၇၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၁၀.၄၇၇၁ စက္ကန့်၊ M5–Exp C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၀.၂၁၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၀၀.၃၉၆၆ စက္ကန့်၊ M6–Exp CA မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၅၇.၉၁၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၉.၃၃၁၆ စက္ကန့်နှင့် M6–Exp CF မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၀၆.၀၁၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၉.၁၈၆၅ စက္ကန့်၊ Proposed Well Location ၏ Survey Boundary တည်နေရာများဖြစ်သော M5–Exp C1 ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၃.၆၁၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၈ မိနစ် ၃၆.၃၃၀၈ စက္ကန့်၊ M5–Exp C1 ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၆ မိနစ် ၄၃.၄၈၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၃၅.၁၂၈၅ စက္ကန့်၊ M5– Exp C1 ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၈ မိနစ် ၃၈.၈၈၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၁ မိနစ် ၃၇.၀၃၉၄ စက္ကန့်၊ M5–Exp C1 ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၉.၀၁၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၃၈.၂၂၆၄ စက္ကန့်၊ M5–Exp C2 ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၁ မိနစ် ၅၈.၂၃၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၄ မိနစ် ၂၅.၉၅၀၆ စက္ကန့်၊ M5–Exp C2 ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ် ၅၈.၁၄၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၂၄.၇၀၆၉ စက္ကန့်၊ M5–Exp C2 ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၃.၅၅၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၇ မိနစ် ၂၆.၅၅၆၄ စက္ကန့်၊ M5–Exp C2 ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃ မိနစ် ၅၃.၆၅၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၂၇.၇၈၄၉ စက္ကန့်၊ M6–Exp CA ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၀ မိနစ် ၅၂.၅၈၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၄၈၈၇ စက္ကန့်၊ M6–Exp CA ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၀ မိနစ် ၅၃.၀၅၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၆၅၀၉ စက္ကန့်၊ M6–Exp CA ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃.၂၂၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၁၈၆၁ စက္ကန့်၊ M6–Exp CA ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၂.၇၆၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၁၈၆၁ စက္ကန့်၊ M6–Exp CF ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၀.၆၉၉၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၂.၃၉၆၇ စက္ကန့်၊ M6–Exp CF ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၁.၁၇၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၆.၄၉၅၀ စက္ကန့်၊ M6–Exp CF ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၁.၃၄၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၅.၉၈၇၀ စက္ကန့်နှင့် M6–Exp CF ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၀.၈၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၁.၈၆၆၆ စက္ကန့်၊ Proposed Well Location များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၅.၂၄၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၁၀.၅၁၄၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၀.၃၉၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၀၀.၄၃၄၂ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၅၈.၀၈၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၉.၃၆၃၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၀၆.၁၈၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၉.၂၁၉၁ စက္ကန့်၊ Propose Well Location ၏ Survey Boundary တည်နေရာများဖြစ်သော Point A ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၃.၇၈၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၈ မိနစ် ၃၆.၃၆၈၂ စက္ကန့်၊ Point A ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၆ မိနစ် ၄၃.၆၅၆၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၃၅.၁၆၅၈ စက္ကန့်၊ Point A ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၈ မိနစ် ၃၉.၀၅၆၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၁ မိနစ် ၃၇.၀၇၆၆ စက္ကန့်၊ Point A ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၉.၁၉၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၃၈.၂၆၃၈ စက္ကန့်၊ Point B ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၁ မိနစ် ၅၈.၄၁၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၄ မိနစ် ၂၅.၉၈၈၃ စက္ကန့်၊ Point B ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ် ၅၈.၃၁၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၂၄.၇၄၄၅ စက္ကန့်၊ Point B ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၃.၇၂၉၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၇ မိနစ် ၂၆.၅၉၃၉ စက္ကန့်၊ Point B ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃ မိနစ် ၅၃.၈၃၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၂၇.၈၂၂၆ စက္ကန့်၊ Point C ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၀ မိနစ် ၅၂.၇၆၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၅၂၁၁ စက္ကန့်၊ Point C ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၀ မိနစ် ၅၃.၂၂၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၆၈၃၁ စက္ကန့်၊ Point C ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃.၃၉၉၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၂၁၈၃ စက္ကန့်၊ Point C ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၂.၉၃၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၀၃၃၂ စက္ကန့်၊ Point D ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၀.၈၄၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၂.၄၃၀၃ စက္ကန့်၊ Point D ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၁.၃၄၄၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၆.၅၂၇၆ စက္ကန့်၊ Point D ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၁.၅၂၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၅.၀၁၉၆ စက္ကန့်နှင့် Point D ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၀.၀၁၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၁.၈၉၉၃ စက္ကန့်တို့တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M–9 ရှိ ဇော်တိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ်၊ M–5 & M–6 ရှိ ရတနာစီမံကိန်းတို့တွင် Geophysical Site Survey လုပ်ငန်းများအား SMS RADIANCE ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့၌ ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်

ပဲခူး အောက်တိုဘာ ၁၈

**ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား အောက်တိုဘာ ၁၇ ရက် ညပိုင်း သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်၍ ဆီမီး ၁၀၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအား ပြည်သူများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးတို့က ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဗုဒ္ဓဂုဏ်တော်များကို ရည်မှန်း၍ နမောတဿသုံးကြိမ်ရွတ်ဆို ကန်တော့ခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၀ ကို စတင်မီးထွန်းညှိပူဇော်ခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူတို့က ဆုတောင်းပြည့် ရွှေမော်ဓောရင်ပြင်ပေါ်၌ ဆီမီးများ ထွန်းညှိခြင်း၊ ရောင်စုံမီးပုံးပျံများ လွှတ်တင်ပူဇော်ခဲ့ကြပြီး တေးညွှန့်မင်္ဂလာတေးဂီတအဖွဲ့က ငြိမ့်ညောင်းသာယာသော ဓမ္မတေးများဖြင့် သီဆိုပူဇော်ခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ ညချမ်းအချိန်တွင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး၊ ကျိုက်ပွန်လေးမျက်နှာဘုရား၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေဂူလေးဘုရား၊ ရွှေဂူကြီးဘုရား၊ ကျိုက်ပညာယျစေတီတော်မြတ်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီတို့တွင် သီတင်းကျွတ်ကာလ အချိန်အတွင်း ညစဉ် ဆီမီးပူဇော်ခြင်းနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် အထူးစည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်တတိယ(နောက်ဆုံးရက်) နံနက်ပိုင်းတွင် ဈေးလာရောက်ဝယ်ယူသူပြည်သူများ၊ ဂီတပွဲတော်လာရောက်ဆင်နွှဲကြသူလူငယ်များဖြင့် စည်ကားလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပလျက်ရှိသည့် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော် တတိယ (နောက်ဆုံးရက်) ယနေ့နံနက်ပိုင်းတွင် ဈေးလာရောက်ဝယ်ယူသူပြည်သူများ၊ ဂီတပွဲတော် လာရောက်ဆင်နွှဲကြသောလူငယ်များဖြင့် စည်ကား လျက်ရှိသည်။



ဈေးရောင်းပွဲတော်တွင် အီလက်ထရောနစ်ပစ္စည်း အရောင်းဆိုင်များ၊ ဆိုလာအရောင်းဆိုင်များ၊ အဝတ်အထည်အရောင်းဆိုင်များ၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ MSME အရောင်းဆိုင် ၄၈ ဆိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအရောင်းဆိုင် ၂၆ ဆိုင်၊ သမဝါယမဦးစီးဌာနအရောင်းဆိုင် ၁၅ ဆိုင်၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုဦးစီးဌာန အရောင်းဆိုင် ၁၅ ဆိုင်၊ သက်ဆိုင်ရာခရိုင်အလိုက် ထုတ်ကုန် အရောင်းဆိုင်များ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် စားသောက်ကုန် ပစ္စည်းအရောင်းဆိုင်များ၊ သုတ/ရသ စာအုပ်အရောင်းဆိုင်များတွင် ပြည်သူများ လာရောက်ဝယ်ယူအားပေးလျက်ရှိကြပြီး အဆိုပါဆိုင်များတွင် ဈေးရောင်းချသူများထံမှ ဈေးရောင်းကောင်းကြောင်း၊ တစ်နေ့လျှင် ငွေကျပ်ငါးသိန်းမှ ဆယ်သိန်း ဝန်းကျင်ခန့် ရောင်းချရကြောင်း၊ တချို့ဆိုင်များတွင် ၁၅ သိန်းအထက် သိန်း ၂၀ ဝန်းကျင်ခန့်အထိ ရောင်းချရကြောင်း သိရသည်။

ထိုကဲ့သို့ ဝယ်ယူအားပေးကြသော ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိနေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးကြပြီး ကိုယ်တိုင်လည်း ဝယ်ယူအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျန်းမာရေးနှင့်အညီ စတုဒိသာကျွေးမွေးရန် ပြင်ဆင်ချက်ပြုတ်ဆောင်ရွက်နေသည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး အစားအစာများကို သန့်ရှင်းစွာ ကိုင်တွယ်ချက်ပြုတ်ကြရန်နှင့် စနစ်တကျစီမံဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။ ပွဲတော်ရက်အတွင်း တစ်နေ့လျှင် သုံးကြိမ် စတုဒိသာများနှင့် အအေးများ ကျွေးမွေးကြသည်။

ယနေ့သည် ဈေးရောင်းပွဲနောက်ဆုံးရက်ဖြစ်သည်နှင့်အညီ နိုင်ငံကျော်တေးသံရှင်များက နံနက် ၉ နာရီမှစတင်၍ တေးသီချင်းများ၊ ဒီဂျေများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လူငယ်လူရွယ်အများ အပြားက ကြည့်ရှုအားပေး၍ ပျော်ရွှင်စွာဖြင့် အတူလိုက်ပါသီဆိုကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသည်။

အဆိုပါဈေးရောင်းပွဲတော်ကို နံနက် ၇ နာရီမှ ည ၇ နာရီအထိလည်းကောင်း၊ စတိတ်ရှိုးတေးဂီတနှင့် ဒီဂျေတင်ဆက်မှုများကို နံနက် ၁၀ နာရီမှ ည ၉ နာရီ အထိလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်းနှင့် ညပိုင်းတွင် မီးရှူးမီးပန်းများပစ်ဖောက်၍ မီးပုံးပျံများ လွှတ်တင်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်းနှင့် အကြိုအပို့ကားများကို သက်ဆိုင်ရာမြို့နယ်အလိုက် စီစဉ်ပေးထားကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မိတ္ထီလာမြို့ ရတနာမာရ်အောင်ဘုရားရင်ပြင်တော်၌ (၁၂)ကြိမ်မြောက် နိဗ္ဗာန်ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက်တွင် တည်ထားကိုးကွယ်သော ရတနာမာရ်အောင် ဘုရား၏ ရင်ပြင်တော်၌ (၁၂ )ကြိမ်မြောက် နိဗ္ဗာန်ဈေးရောင်းပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။



"နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း နိဗ္ဗာန်ဈေးရောင်းပွဲတော်ကို ရတနမာရ်အောင်ဘုရားရင်ပြင်တော်မှာကျင်းပခဲ့တာ ဒီနှစ်ဆို (၁၂) ကြိမ်မြောက် ဖြစ်ပါပြီ။ နိဗ္ဗာန်ဈေးရောင်းပွဲတော်ကို နှစ်စဉ် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့တာဖြစ်ပြီး ဒီနှစ်လည်း နိဗ္ဗာန်ဈေးရောင်းချသူများက မုန့်တီသုပ်၊ မုန့်ဟင်းခါး၊ မုန့်ဖက်ထုပ်၊ ရွှေရင်အေး၊ ရေခဲမုန့်နဲ့ မြန်မာ့ရိုးရာမုန့်မျိုးစုံများ ခင်းကျင်းရောင်းချပြီး လာရောက်ဝယ်ယူစားသုံးများနဲ့ စည်ကားသိုက်မြိုက်ခဲ့ပါတယ်။ ဈေးရောင်းချသူများကလည်း ကုသိုလ်ဖြစ်ပွဲမို့ လာရောက်စေတနာထား ရောင်းချသလို ဝယ်ယူစားသုံးသူများကလည်း ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ နိဗ္ဗာန်ဈေးပွဲတော်မို့ ပွဲတော်မှာပါဝင်ကြသူအားလုံး ပျော်ရွှင်မှုရကြတာ၊ နှစ်စဉ်မြင်တွေ့ရတာ ကြည်နူးသာဓုခေါ်စရာ ဖြစ်ပါတယ်ဟု" အဆိုပါ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပရေး ကော်မတီဝင် ဦးမောင်မောင်က ပြောသည်။

အဆိုပါ နိဗ္ဗာန်ဈေးရောင်းပွဲတော်တွင်ရောင်းချသည့် မြန်မာ့ရိုးရာ အစားအစာမုန့်များနှင့် မုန့်ပွဲများကို ငွေကျပ် ၅၀၀၊ ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ပြီး နိဗ္ဗာန်ဈေးရောင်းသူများ၏ စုစုပေါင်း ဈေးရောင်းချရငွေကျပ် ၁၃၈၀၀၀၀ ကို ရတနာမာရ်အောင် ဘုရားဂေါပကအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကျိုက်လတ်မြို့နယ်၌ ဘုရားဖူးကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိ

**ကျိုက်လတ် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် (၂)ဖြတ်လမ်းတွင် တည်ထားကိုးကွယ်တော်မူသော မဟာအတုလမြတ်မုနိရုပ်တော်မူဘုရားကြီးတွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ညပိုင်း၌ ဘုရားဖူးကုသိုလ်ပြုကြသူများဖြင့် စည်ကားသည်။


ကျိုက်လတ်မြို့နယ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများတွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှစတင်ကာ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ဘုရားများတွင် ဆီမီး၊ ရေချမ်း၊ ဘုရားပန်း၊ အမွှေးတိုင် ဆက်ကပ်လှူဒါန်းခြင်းတို့ဖြင့် စည်ကားကာ ညပိုင်းအချိန်တွင် ဆီမီးများဆက်ကပ်ပူဇော်ခြင်း၊ ဘုရားလမ်းတစ်လျှောက်တွင် ဈေးဆိုင်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် ကျင်းပပေးလျက်ရှိရာ လာရောက်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**

# ချားလ်ဘုရင် ကင်ဆာရောဂါခံစားရပြီး ပထမဆုံးခရီးစဉ်အဖြစ် ဩစတြေးလျသို့ရောက်ရှိ

**လန်ဒန် အောက်တိုဘာ ၁၈**

ဗြိတိန် ဘုရင်ချားလ်နှင့် မိဖုရား ကင်မီလာတို့သည် ကမ္ဘာ့တောင်ဘက်ခြမ်းသို့ ခရီးစတင်ထွက်ခွာခဲ့သည်။




ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ချားလ်ဘုရင်တွင် ကင်ဆာရောဂါခံစားနေရသည်ဟု သိရှိခဲ့ရပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် နိုင်ငံခြားခရီးစဉ် ထွက်ခွာခဲ့ခြင်းဖြစ်သည်။

ဗြိတိန်ဘုရင်နှင့် မိဖုရားတို့သည် အောက်တိုဘာ ၁၈ ရက် ညပိုင်းက ဆစ်ဒနီမြို့လေဆိပ်သို့ ရောက်ရှိခဲ့ပြီး ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်လ်ဘာနီက ကြိုဆိုခဲ့သည်။ ဒေသခံများနှင့်တွေ့ဆုံရန် ယခုသီတင်းပတ်အကုန်တွင် ရပ်ရွာစားပွဲသို့ တက်ရောက်ရန် စီစဉ်လျက်ရှိသည်။ ကင်ဘာရာမြို့သို့ သွားရောက်ပြီး လွှတ်တော်တွင် ချားလ်ဘုရင်က မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

တော်ဝင်စုံတွဲ၏ ခတ်ပုံများကို ဆစ်ဒနီ အော်ပရာဟောက်စ်၌ ၎င်းတို့ကို ကြိုဆိုရန် ပြသထားသည်။ အဆိုပါ ခရီးစဉ်သည် ကိုးရက်တာ ကြာမြင့်မည်ဖြစ်သည်။

ချားလ်ဘုရင်နှင့် မိဖုရားတို့သည် လာမည့်သီတင်းပတ်တွင် ဓနသဟာယ အစိုးရအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ရန် ဆာမိုအာကျွန်းနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဆူဒန်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၅၀၀ ကျော်ရှိလာ

**ခါတွန် အောက်တိုဘာ ၁၈**

ဆူဒန်နိုင်ငံ ခါတွန်၊ မြောက်ခေါ်ဒိုဖန်၊ ကက်စလာ၊ ဂျီဒါရက်နှင့် စင်နာ ပြည်နယ်တို့၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၅၂၀ ရှိပြီး သေဆုံးသူ ၁၃ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၇ ရက်တွင် ထုတ်ပြန်ထားသည်။ ကပ်ရောဂါကို တိုက်ဖျက်ချေမှုန်းရေး အရှိန်မြှင့်တင်ရန်လိုအပ်ကြောင်း ဝန်ကြီးကဆိုသည်။

သွေးလွန်တုပ်ကွေးရောဂါမှာ ခြင်ကိုက်ခံရခြင်းမှတစ်ဆင့် လူသို့ကူးစက်ခံရခြင်းဖြစ်သည်။ ရောဂါကူးစက်ခံရသူအများစုမှာ ရောဂါလက္ခဏာများ မပြသော်လည်း အပြင်းဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ဝမ်းဗိုက်အလွန်နာခြင်း၊ ပျို့အန်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အဖုအပိမ့်ထွက်ခြင်းနှင့် အသက်ရှူကျပ်ခြင်းတို့ဖြစ်ကာ ရောဂါပြင်းထန်သည့် အခြေအနေတွင် အသက်သေဆုံးနိုင်ကြောင်း သိရသည်။။

၂၀၂၃ ခုနှစ် ဧပြီလကတည်းက ဆူဒန်လက်နက်ကိုင်တပ်ဖွဲ့နှင့်The Rapid Support Forces တို့အကြား တိုက်ပွဲဖြစ်ပွားသည့်အချိန်မှစကာ ကာလဝမ်းရောဂါ၊ ငှက်ဖျား၊ ဝက်သက်နှင့် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားပြီး လူပေါင်းရာနှင့်ချီသေဆုံးလျက်ရှိသည်။ အဆိုပါပဋိပက္ခများကြောင့် ဆူဒန်နိုင်ငံအတွင်း လူပေါင်း ၂၀၀၀၀ သောင်းခန့်သေဆုံးပြီး ထောင်နှင့်ချီဒဏ်ရာရရှိကာ လူသန်းပေါင်းများစွာ နေရပ်စွန့်ခွာခဲ့ရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံးက မကြာသေးမီက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# နိုင်ဂျီးရီးယားနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ၃၇၈ ဦးရှိလာ

**အဘူဂျာ အောက်တိုဘာ ၁၈**

နိုင်ဂျီးရီးယားနိုင်ငံ၌ ကာလဝမ်းရောဂါကြောင့် သေဆုံးသူဦးရေမှာ ယခုလအတွင်း ၃၅၉ ဦးမှ ၃၇၈ ဦးအထိ ရှိလာကြောင်း ပြည်သူ့ကျန်းမာရေးအဆင့်မြင့်အရာရှိတစ်ဦးက အောက်တိုဘာ ၁၇ရက်တွင် ပြောသည်။

အာဖရိက၏ လူဦးရေအထူထပ်ဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည့် နိုင်ဂျီးရီးယား၌ ကာလဝမ်းရောဂါဟု သံသယရှိသူဦးရေမှာလည်း ဇန်နဝါရီလမှစတင်၍ ၁၄၀၀၀ ကျော်အထိ ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အောက်တိုဘာ ၁၃ ရက်အထိ ပြည်နယ် ၃၆ ခုရှိသည့်အနက် ၃၅ ခု၌ ကာလဝမ်းရောဂါဟု သံသယရှိသူ ၁၄၂၃၇ ဦးရှိပြီး သေဆုံးသူရာခိုင်နှုန်းမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းရှိသည်ဟု နိုင်ဂျီးရီးယားရောဂါ ထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာ အကြီးအကဲ ဂျိုက်အီဒရစ်က မြို့တော် အဘူဂျာ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။



ကာလဝမ်း ရောဂါသည် အများပြည်သူ ကျန်းမာရေးအတွက် စိန်ခေါ်မှုဖြစ်ပြီး အထူးသဖြင့် ရေကြီးနစ်မြုပ်မှုခံရသည့်ဒေသများ၊ ရေနှင့်ရေဆိုးစနစ်တို့တွင် ညံ့ဖျင်းသည့် ဒေသများ၌ ဖြစ်ပွားမှုနှုန်းမြင့်မားသည်။

ရောဂါဖြစ်ပွားမှု များပြားသည့်ဒေသများသို့ ရောဂါတုံ့ပြန်ရေးအဖွဲ့ဝင်များကို ဖြန့်ကြက်ထားပြီး ရောဂါဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်ရန် ပြည်တွင်းရွှေ့ပြောင်း နေထိုင်သူများ နေထိုင်ရာစခန်းများ၌ ကာကွယ်ဆေးထိုးနှံမှုများ လုပ်ဆောင်ပေးလျက်ရှိသည်။ ကာလဝမ်းရောဂါသည် ရေဓာတ်ခန်းခြောက်ခြင်းကြောင့် အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်သော ဝမ်းရောဂါဖြစ်သည်။

**ဆင်ဟွာ**

# ဆိုမာလီယာ၌ အသေခံဗုံးခွဲတိုက်ခိုက် ရဲအရာရှိများအပါအဝင် ခုနစ်ဦး သေဆုံး

**မိုဂါဒစ်ရှူး အောက်တိုဘာ ၁၈**

ဆိုမာလီယာနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးရှိ လူစည်ကားသည့် လမ်းဆုံတစ်ခု၌ အောက်တိုဘာ ၁၇ ရက်တွင် အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် ရဲအရာရှိများအပါအဝင် လူခုနစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါတိုက်ခိုက်မှုသည် ရဲသင်တန်းကျောင်းရှေ့၌ ဖြစ်ပွားခဲ့ပြီး အရပ်သားနှင့် ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးကာ ခြောက်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။ မိုဂါဒစ်ရှူးမြို့ ဟာမာဂျာဂျက်ခရိုင်ရှိ ရဲသင်တန်းကျောင်းကို ပစ်မှတ်ထားကာ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ပြီး အဆိုပါတိုက်ခိုက်မှုအတွက် အယ်လ်ရှာဘတ်စစ်သွေးကြွများတွင် တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

**ဆင်ဟွာ**



# သီရိလင်္ကာနိုင်ငံ၌ တောရိုင်းဆင်တစ်စုနှင့်တိုက်မိ၍ စက်သုံးဆီတင်ရထား လမ်းချော်မှုဖြစ်ပွား

**ကိုလံဘို အောက်တိုဘာ ၁၈**

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းပြည်နယ်၌ စက်သုံးဆီများ သယ်ယူပို့ဆောင်သည့် ရထားသည် ရထားလမ်းပေါ်တွင် တောရိုင်းဆင်တစ်စုနှင့် တိုက်မိ၍ လမ်းချော်မှုဖြစ်ပွားခဲ့သည်ဟု မီးရထားဌာနက အောက်တိုဘာ ၁၈ ရက်က ပြောသည်။ အဆိုပါ ရထားမှာ ကိုလံဘိုမြို့ရှိ ကိုလွန်နာဝါဆီလှောင်ကန်ဂိတ်နှင့် အရှေ့ဘက်ပြည်နယ် ဘတ်တီကာလိုသို့ ပြေးဆွဲသည့်ရထားဖြစ်ပြီး အောက်တိုဘာ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီခွဲတွင် လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တောရိုင်းဆင်အုပ်နှင့်တိုက်မိခြင်းကြောင့် စက်သုံးဆီတွဲလေးတွဲလမ်းချော်ခဲ့ပြီး ရထားလမ်းပျက်စီးခဲ့ရသည်ဟု မီးရထားဌာန၏ ပြောကြားချက်အရ သိရသည်။ အဆိုပါဖြစ်ရပ်ကြောင့် တောရိုင်းဆင်နှစ်ကောင်သေဆုံးပြီး ဆင်အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာတွင် ဖော်ပြသည်။ ရထားလမ်းပျက်စီးမှုကြောင့် ကိုလံဘို-ဘတ်တီကာလိုရထားဝန်ဆောင်မှုများကို ယာယီဆိုင်းငံ့ထားသည်ဟု သိရသည်။

**ဆင်ဟွာ**

# လက်ဘနွန်နိုင်ငံ၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၄၁၂ ဦးရှိလာ

**ဘေရွတ် အောက်တိုဘာ ၁၈**

၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက် အစ္စရေး - ဟားမားစ် ပဋိပက္ခ စတင်သည့် အချိန်မှစကာ လက်ဘနွန်နိုင်ငံသို့ အစ္စရေး လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးသူပေါင်း ၂၄၁၂ ဦးရှိလာပြီး ဒဏ်ရာရရှိသူ ၁၁၂၈၅ ဦး ရှိကြောင်း အောက်တိုဘာ ၁၇ ရက်က လက်ဘနွန်ဝန်ကြီးများကောင်စီက ထုတ်ပြန်ထားသည်။



အောက်တိုဘာ ၁၆ ရက်တွင် လက်ဘနွန်နိုင်ငံ နေရာအနှံ့ အစ္စရေးတို့လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၄၅ ဦးရှိပြီး ဒဏ်ရာရရှိသူ ၁၇၉ ဦး ရှိကြောင်း ထုတ်ပြန်ထားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း လက်ဘနွန်နိုင်ငံ နေရာအများအပြားကို အစ္စရေးက လေကြောင်းနှင့် အမြောက် ၉၆ ကြိမ် တိုက်ခိုက်ခဲ့သည်ဟု ထုတ်ပြန်ထားသည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့် လက်ဘနွန်နိုင်ငံသား သုံးပုံ တစ်ပုံမှာ နေရပ်စွန့်ခွာခဲ့ရသည်။ အစ္စရေးတပ်မတော်သည် ပြီးခဲ့သည့် စက်တင်ဘာလမှစကာ လက်ဘနွန်နိုင်ငံသို့ ကြီးမားသည့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# (၁၀၄)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၈**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ (၁၀၄)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပျဉ်းမနားမြို့နယ် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ စံကျောင်းတော်တပ်တွင်းဓမ္မာရုံ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ (၁၀၄)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီပူဇော်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲအတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် (၁၀၄)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး(ဓါတ်ပုံ) နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညို၍ အလှူငွေများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

နေပြည်တော် ပျဉ်းမနားမြို့တွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တိုင်း ကျင်းပပြုလုပ်သည့် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီ ကြွချီလှည့်လည်ပူဇော်ပွဲသည် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်ပြီး ရပ်နီး၊ ရပ်ဝေးရှိ ပြည်သူအများမှ လာရောက် ဖူးမြော်ကြည်ညိုကြသူများဖြင့် အထူးစည်ကားလှသည့် ဘာသာရေးပွဲတော်တစ်ခုဖြစ်ကာ မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီ ကြွချီလှည့်လည်ပူဇော်ပွဲကို ရုပ်ပွားတော်များ ပင့်ဆောင်အပူဇော်ခံမည့် အလှပြယာဉ်များတွင် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိပူဇော်ပြီး မြို့နယ်အတွင်း စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေးဒရဲမြို့၌ (၂၆) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ဒေးဒရဲ အောက်တိုဘာ ၁၈**
ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် နှစ်စဉ်မပြတ် ကျင်းပလျက်ရှိသည့် (၂၆)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီ အပူဇော်ခံပွဲအား ယနေ့ညနေ ၃ နာရီကစတင်၍ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ အဖွဲ့အစည်းများက မိမိတို့မဲကျသည့်ဘုရားများအား ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီးပရိဝုဏ်မှစတင်၍ မြို့ပေါ်ရပ်ကွက်များတွင် လှည့်လည်အပူဇော်ခံလျက်ရှိကြောင်း သိရသည်။ (ယာပုံ)

အဆိုပါ နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်အပူဇော်ခံပွဲအား နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ညနေပိုင်းတွင် မြို့ပေါ်၊ ကျေးရွာများသို့ စုပေါင်းစီတန်း၍ လှည့်လည်အပူဇော်ခံသွားလျက်ရှိရာ သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် ပင့်ဆောင်ပူဇော်ထားသည့် ဘုရားများအား လမ်းတစ်လျှောက်ရှိ ပြည်သူများက အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြို့ကျက်သရေဆောင် ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီးအား သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ဌာနဆိုင်ရာများ၊ လူမှုရေးနှင့် ဘာသာရေးအဖွဲ့အစည်းများက စေတီတော်မြတ်ကြီးအား ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ဆက်ကပ်လှူဒါန်းခြင်း၊ လာရောက်သူများအား စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကို ပြုလုပ်လျက်ရှိကြောင်း ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က သိရသည်။

**အေဇာလင်း**

# မန္တလေးမြို့တွင်ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်နောက်ဆုံးရက်တွင် လာရောက်ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကား



**မန္တလေး အောက်တိုဘာ ၁၈**
မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်းတွင် ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွားများပါ လာရောက်ပါဝင် ဆင်နွှဲကြသဖြင့် ယနေ့ပွဲတော်နောက်ဆုံးရက်တွင်လည်း စည်ကားခဲ့ကြောင်း သိရသည်။ (ယာပုံ)

**စည်ကားသိုက်မြိုက်**

အဆိုပါ သီတင်းကျွတ်မီးထွန်းပွဲတော်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူးကာ အောက်တိုဘာ ၁၆ ရက်မှစ၍ ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်းတစ်လျှောက် ၆၆ လမ်းမှ ၇၃ လမ်းအတွင်း ကျင်းပခြင်းဖြစ်ပြီး ဆီမီးတစ်သောင်း ကပ်လှူပူဇော်ပွဲများ၊ ပွဲတော်ကျင်းပရာ လမ်းတစ်လျှောက် ရောင်စုံမီးများ ထွန်းညှိပြင်ဆင်ထားရှိမှုများနှင့် အတူ နိုင်ငံကျော်အဆိုတော်များ ပါဝင်သည့် ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုများအပြင် အစားအသောက်များ ရောင်းချသည့် စျေးဆိုင်တန်းများပါ ထည့်သွင်းထားပြီး ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှ စ၍ ယနေ့ပွဲတော် နောက်ဆုံးရက်အထိ ပျော်ရွှင်စွာလာရောက်ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားခဲ့သည်။

"ရန်ကုန်ကနေ ကလေးတွေ ကျောင်းပိတ်လို့ မန္တလေးကိုဘုရားဖူးထွက်လာရင်း ဒီပွဲတော်နဲ့ ကြုံလို့လာခဲ့တာပါ။ မန္တလေးကျုံးအလှကို ရောင်စုံဆီမီးတွေရဲ့အလှနဲ့ ပေါင်းစပ်ပြီးကြည့်ရတာ သိပ်ကိုလိုက်ဖက်တဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလိုမျိုး ခံစားရတယ်။ ပွဲတော်ရောက်အမှတ်တရ ဓာတ်ပုံတွေလည်း ရိုက်ပြီးပါပြီ။ စျေးဆိုင်တန်းတွေမှာလည်း မန္တလေး ဒေသအစားအစာတွေ ဝယ်စားပြီးသွားလို့ အခုကလေးတွေနဲ့ ဖျော်ဖြေရေးမဏ္ဍပ်မှာ သီချင်းသွားနားထောင်မလို့ပါ"ဟု ရန်ကုန်မြို့မှ မိသားစုလိုက် လာရောက်လည်ပတ်သူ ကိုမောင်မောင်မျိုး က ပြောသည်။

ထို့အတူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်မှ ပွဲတော်သို့ သူငယ်ချင်းများနှင့်အတူ လာရောက်လည်ပတ်ကြသည့် မရီရီတင့်ကလည်း "၆၆လမ်းထောင့်မှာရှိတဲ့ စေတီမှာ ဆီမီးတွေဝင်ပြီးပူဇော်ခဲ့ပါတယ်။ မီးရောင်စုံတွေနဲ့အတူ အမှတ်တရဓာတ်ပုံတွေ အားရပါးရရိုက်ခဲ့ကြတယ်။ ကျုံးနဲ့နီးတဲ့ ဒီနေရာမှာ မီးထွန်းပွဲတော်ကျင်းပတာ၊ ဓာတ်ပုံရိုက်ရတာအဆင်ပြေလို့ သဘောကျပါတယ်။ အခု ဖျော်ဖြေရေးမဏ္ဍပ်မှာ သီချင်းဆိုတာ သွားအားပေးတော့မယ်" ဟု ပြောသည်။

**ပါဝင်ဆင်နွှဲ**

သီတင်းကျွတ်ပွဲတော် ကာလသည် ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်ရှည်ကာလ ဖြစ်သည့်အတွက် မန္တလေးမြို့သို့ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွားများပါ လာရောက် လည်ပတ်ကြသဖြင့် မြို့တွင်းရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရ အပန်းဖြေနေရာများတွင် ခရီးသွားများဖြင့် စည်ကားလျက်ရှိသည့်အပြင် ညပိုင်းတွင်လည်း သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပရာ ကျုံးတောင်ဘက်ခြမ်းသို့ လာရောက်ပါဝင်ဆင်နွှဲကြသဖြင့် နေ့ညမပြတ် စည်ကားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ**

**နေပြည်တော် အောက်တိုဘာ ၁၈** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် မိုင်းယောင်းခရိုင်အတွင်းရှိ ဘုရားစေတီများ၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

**မိုင်းယောင်း အောက်တိုဘာ ၁၈**

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းနှင့် တရားဘာဝနာပွားများခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ဗုဒ္ဓဘာသာ ထုံးတမ်းအစဉ်အလာနှင့်အညီ စိတ်အေးချမ်းသာစွာ သီတင်းသီလ ဆောက်တည်ကြသူ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။



နံနက်ပိုင်းမှစတင်၍ ဓာတ်လုံစေတီတော်၊ ဇောဓိရွှေညောင်ပင်၊ ကိုရင်ကြီးတောရကျောင်း၊ တပ်ဦးကျောင်း၊ ကျိုင်းယင်းဘုန်းကြီးကျောင်း အပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းတို့ဖြင့် ပြည်သူများကုသိုလ်ကောင်းမှု ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

ညပိုင်းတွင် ဓာတ်လုံစေတီတော်၊ မြို့ဦးစေတီ၊ ရွှေစည်းခုံစေတီ၊ ဗုဗ္ဗဝိဇယစေတီ၊ တပ်ဦးကျောင်း၊ ဟိုခုံဘုန်းကြီးကျောင်း၊ ကျိုင်းယင်းဘုန်းကြီးကျောင်း၊ မွန်ရှဲန်ဘုန်းကြီးကျောင်း၊ မွန်နွဲ့ဘုန်းကြီးကျောင်း၊ ကြောင်ကျိုက်ဘုန်းကြီးကျောင်းနှင့် ကြောင်ဆလီဘုန်းကြီးကျောင်းတို့၌ ဆီမီးထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ခြင်းတို့ကို ဆောင်ရွက်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

အလားတူ မြို့မဈေးနှင့် မြို့တွင်းရှိ ဈေးဆိုင်များတွင် ဈေးဝယ်ကြသူများနှင့် ဆင်ဆွဲပွဲ၊ နောင်ခမ်းကန်တော်နှင့် နမ့်ယောင်းချောင်း သဲသောင်ပြင်တို့တွင် အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားခဲ့သည်။ ထို့ပြင် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့်မီးရောင်စုံ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများလွှတ်တင်ပူဇော်ခြင်း၊ မိဘဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ခြင်းတို့ဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**နန်းစီဖေါင်း(ပြန်/ဆက်)**

## ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ MSME ထုတ်ကုန် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်၌ နေ့စဉ်ပြည်သူသုံးသိန်းကျော်ပါဝင်ဆင်နွှဲ

ရန်ကုန် အောက်တိုဘာ ၁၈

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ MSME ထုတ်ကုန် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ကျင်းပခဲ့ရာ နေ့စဉ်ပြည်သူသုံးသိန်းကျော် လာရောက်ပါဝင်ဆင်နွှဲပြီး လှေလာဝယ်ယူကြသဖြင့် အထူးစည်ကားသည်။**



အဆိုပါဈေးရောင်းပွဲတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းများ ရောင်းချသည့် ဆိုင်ခန်းများ၊ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရေးအတွက် စာအုပ်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၄၈၃ ခန်းနှင့် အထူးအစီအစဉ်အဖြစ် Mobile Car များနှင့် ဆန်၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ၊ အခြေခံစားကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ယင်းသို့ ဈေးနှုန်းချိုသာစွာရောင်းချပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ ပူးပေါင်းဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

ထို့ပြင် ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသောအနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် ပွဲတော်လာပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြို/အပို့ကားများ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ခရီးသွားဝင်ရောက်မှုများပြား၍ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းပွင့်လန်း

**ရန်ကုန် အောက်တိုဘာ ၁၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်ကာလ၌ ဘုရားဖူးခရီးသွားများ ဟိုတယ်နှင့်တည်းခိုခန်း အခန်းပြည့်မှာယူမှုရှိခဲ့ပြီး လပြည့်နေ့တွင် မျှော်မှန်းထားသည်ထက် ခရီးသွားဝင်ရောက်မှုများခဲ့ရာ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းခဲ့ကြောင်း သိရသည်။



“ ဒီနှစ် ပြည်တွင်းခရီးသွား ထင်ထားတာထက်ပိုများတဲ့အတွက် အားလုံးဝမ်းသာနေကြတာပါ။ ဈေးဆိုင်၊ လက်ပန်းချီနဲ့ မြင်းလှည်းတွေလည်း အဆင်ပြေကြတယ်။ ဘုရားတစ်ဆူကိုသွားရင် ကျပ်တစ်သောင်းနဲ့ ရောဝတီမြစ်ဘေးက ရွှေကွန်ခြာဘုရားဆိုရင် ကျပ်တစ်သောင်းခွဲပေးရပါတယ်။ သဗ္ဗညုနဲ့ အာနန္ဒာကို သွားကြတာများတယ်။ ပြည်တွင်းခရီးသွား ပိုမိုဝင်ရောက်လာတာကြောင့် အားလုံးကိုကျေးဇူးတင်ပါတယ်။ ပုဂံမှာ မြင်းလှည်းစီးရတဲ့အရသာကို ပြည့်ပြည့်ဝဝခံစားနိုင်အောင် ကျွန်တော်တို့မြင်းလှည်းသမားတွေက ဝန်ဆောင်မှုကောင်းတွေ ပေးနေပါတယ်။ ခရီးသွားရာသီအစ ကောင်းမွန်တာကြောင့် ဒီနှစ်ပုဂံမှာ ခရီးသွားများမယ့်သဘောပါ။ ပုဂံဒေသက ဘုရားဖူးပြည်သူအပေါင်းကို နွေးထွေးလှိုက်လှဲစွာကြိုဆိုနေပါတယ်။ ဒေသခံတွေ စီးပွားရေးအခွင့်အလမ်း ကောင်းမွန်တဲ့အတွက် ဝမ်းသာ နေကြပါတယ်”ဟု သဗ္ဗညုမြင်းလှည်းဂိတ်တာဝန်ခံ ဦးမင်းသူဆွေက ပြောသည်။

သီတင်းကျွတ်ပွဲတော်ကာလ၌ အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တို့တွင် ခရီးသွားအများဆုံးဝင်ရောက်လေ့ရှိပြီး လပြည့်နေ့၌ ပုဂံဒေသတွင် တစ်နှစ်လျှင်တစ်ကြိမ်သာတွေ့မြင်ရသည့် လရောင်ဆမ်းသော ညပိုင်းသဘာဝအလှနှင့် ဆီမီးရောင်စုံဖြင့် ကြည်ညိုဖွယ် ဘုရား၊ စေတီများကို ကုသိုလ်ယူကြည့်ရှုလိုမှုကြောင့် သီတင်းကျွတ်လပြည့်နေ့တွင် ခရီးသွားဝင်ရောက်မှုများခြင်းဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့တွင် နိုင်ငံခြားခရီးသွားထက် ပြည်တွင်းခရီးသွား ပိုမိုဝင်ရောက်ခဲ့ပြီး ဘုရားဖူးခရီးသွားများ မြင်းလှည်းစီး၍ ဘုရား၊ စေတီလှည့်လည်ဖူးမြော်နိုင်ရန် သဗ္ဗညုနှင့် အာနန္ဒာဘုရားအနီး၌ ဂိတ်များဖွင့်လှစ်၍ မြင်းလှည်းအစီး ၁၀၀ ဖြင့် ဘုရားဖူးပြည်သူများအား ဝန်ဆောင်မှုကောင်းများပေးခဲ့ပြီး ဒေသခံများ မျှော်မှန်းထားသည်ထက် ခရီးသွားဝင်ရောက်လာမှုကြောင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းခဲ့ကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်**

## MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ ပြန်လည်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းပွဲကစားရမည်ဖြစ်သည်။

ဒုတိယအကျော့ ပထမဆုံး ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၂) ကို အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက် အသင်းနှင့် Dagon Port အသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ အောက်တိုဘာ ၂၀ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်း၊ အောက်တိုဘာ ၂၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၃၁ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက် အသင်းက ၂၈ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၂၇ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၃ မှတ်၊ ရတနာပုံအသင်းက ၁၈ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၄ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ခုနစ်မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ငါးမှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ်ရရှိထားသည်။

**ရဲရင့်လွင်**

# သင့်တင့်မျှတသောအာဟာရ၊ ဆီစားသုံးမှုလျှော့ချရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှု

**အောင်မင်း(ပဲခူး)**

ကျန်းမာခြင်းဆိုသည် ရောဂါဘယကင်းရှင်း၍ ခန္ဓာကိုယ်ချို့ယွင်းမှုမရှိရုံမျှသာမက ကာယသုခ၊ စိတ္တသုခ၊ မိတ္တသုခတို့နှင့် ပြည့်စုံနေသော အခြေအနေဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖွင့်ဆိုထားပါသည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် နိစ္စဓူဝ နေ့စဉ်မိမိလုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို အဆင်ပြေပြေ စွမ်းဆောင်နေနိုင်သော အခြေအနေကို ကျန်းမာရေးကောင်းမွန်နေသော အခြေအနေဟု ဆိုပါသည်။

မြန်မာတိုင်းရင်းဆေးပညာအလိုအရ လူတစ်ဦးတစ်ယောက်၏ ကျန်းမာရေးသည် ထိုသူ၏ ကံ၊ စိတ်၊ ဥတု၊ အာဟာရအပေါ်တွင် မူတည်နေပါသည်။ မိမိ၏ ကျန်းမာရေးကောင်းမွန်ရေးအတွက် တစ်ဦးတစ်ယောက်တိုင်းမှ

(က) အာဟာရမျှတစွာ စားသုံးရန်

(ခ) သင့်တင့်လျောက်ပတ်သော လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ရန်

(ဂ) သင့်တင့်လျောက်ပတ်စွာ အနားယူရန်

(ဃ) လက်ကို စနစ်တကျ ဆေးကြောခြင်း၊ ရေကောင်းရေသန့် သုံးစွဲခြင်း၊ သန့်ရှင်းသောအစားအစာကို ရွေးချယ်စားသုံးခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်း စသော သန့်(၅)သန့်နှင့်အညီ နေထိုင်ရန်

(င) အရက်၊ ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လိင်အပျော်အပါး လိုက်စားခြင်းတို့ကို ရှောင်ကြဉ်ရန်ဟူသော ကျန်းမာရေးကို မြှင့်တင်ပေးနိုင်သည့်၊ ရောဂါဘယများကို ကာကွယ်ပေးနိုင်သည့် ကျန်းမာရေးအမူအကျင့်ကောင်းများကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်စွာ လိုက်နာကျင့်သုံးနိုင်ရေးအတွက် လူတိုင်းလူတိုင်းသည် မှန်ကန်သော ကျန်းမာရေးသတင်းအချက်အလက်များကို လက်လှမ်းမီမီရရှိနိုင်ရန် လွန်စွာအရေးကြီးပါသည်။ ကျန်းမာရေးနှင့်ညီညွတ်စွာ ပြုမူနေထိုင်ရေးတွင် အခြေခံကျသော အချက်ဖြစ်သည့် "အာဟာရမျှတစွာ စားသုံးရန်" နှင့် "ဆီစားသုံးမှုလျှော့ချရန်" ဆိုသည့်အချက်ကို ဤဆောင်းပါးတွင် ဆွေးနွေးတင်ပြလိုပါသည်။

### အာဟာရနှင့် အာဟာရဓာတ်

အာဟာရသည် လူသားတိုင်း၊ သက်ရှိတိုင်း၊ အသက်ရှင်ကျန်းမာရေးအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသော လုပ်ငန်းတစ်ခုဖြစ်သည်။ ၎င်းလုပ်ငန်းထဲတွင် အစားစားသောက်ခြင်း၊ ချေဖျက်ခြင်း၊ အစာကိုစုပ်ယူခြင်း၊ ခန္ဓာကိုယ်အတွက် အသုံးချခြင်းနှင့် မလိုအပ်သော အညစ်အကြေးများကို စွန့်ပစ်ခြင်းတို့ ပါဝင်ပါသည်။ အာဟာရဓာတ်ဆိုသည်မှာ သက်ရှိသတ္တဝါတို့ ခန္ဓာကိုယ် အသက်ရှင်ကျန်းမာရေးအတွက် လိုအပ်သော ဇီဝဓာတုပစ္စည်းများပင်ဖြစ်သည်။ ယင်းဇီဝဓာတုပစ္စည်းများကို အစားအစာများများစားသုံးခြင်းဖြင့် ရယူလေ့ရှိပါသည်။

### အာဟာရမျှတသော အစာ

အသက်အရွယ်၊ ကျား၊ မ အလုပ်အကိုင်အလိုက် လူ၏ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များ၊ အမျိုးအစားစုံလင်စွာ မျှမျှတတပါဝင်သော အစားအစာပင်ဖြစ်သည်။ ၎င်းအစားအစာများသည် ပမာဏအားဖြင့် လုံလောက်ရမည့်အပြင် နေ့စဉ်အာဟာရလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အစာများဖြစ်ရမည်။ လူတစ်ဦးချင်းအတွက် ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေးအားဖြင့်လည်း လိုက်လျောညီထွေရှိပြီး လက်ခံနိုင်သောအစာဖြစ်ရပါမည်။







### အာဟာရဓာတ် (၆)မျိုး

အာဟာရသည် အသွေး၊ အသား၊ အင်အားတို့ကို ဖြစ်စေတတ်သော ဩဇာဓာတ်ဖြစ်သည်။ အစာထဲတွင်ပါဝင်သော ဓာတုပစ္စည်းများလည်း ဖြစ်သည်။ ခန္ဓာကိုယ်တည်ဆောက်ခြင်း၊ အသက်ရှင်ခြင်း၊ လှုပ်ရှားသွားလာခြင်း၊ မျိုးပွားခြင်းတို့အတွက် အာဟာရဓာတ် အမျိုးမျိုးလိုအပ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ် ခြောက်မျိုးမှာ (က) ကစီဓာတ်၊ (ခ) အဆီဓာတ်၊ (ဂ) အသားဓာတ်၊ (ဃ) သတ္တုဓာတ်၊ (င) ဗီတာမင်ဓာတ်နှင့် (စ) ရေဓာတ်တို့ ဖြစ်ကြသည်။ အာဟာရလိုအပ်ချက်များသည် အသက်အရွယ်၊ ကျား မ၊ လှုပ်ရှားမှု၊ ကျန်းမာရေး အခြေအနေတို့အရ ကွာခြားပါသည်။ အစားအစာများကို ယင်းတို့တွင် ကြွယ်ဝစွာပါဝင်သည့် အာဟာရဓာတ်များ၏ အဓိကအကျိုးပြုမှုပေါ် မူတည်၍ (က) အင်အားဖြစ်စေသောအစာ၊ (ခ) ခန္ဓာကိုယ်ကြီးထွားစေသောအစာ၊ (ဂ) ရောဂါကာကွယ်စေသောအစာ ဟူ၍ အစာအုပ်စု (၃)စု ခွဲခြားနိုင်သည်။

| အစာအုပ်စု | အာဟာရဓာတ် | ကြွယ်ဝသော အစာများ |
|---|---|---|
| အင်အားဖြစ်စေသောအစာ | ကစီဓာတ် | ကောက်နှံများ၊ သစ်ဥသစ်ဖု၊ အချိုစာများ |
| | အဆီဓာတ် | တိရစ္ဆာန်အဆီ သီးနှံဆီအမျိုးမျိုး |
| ခန္ဓာကိုယ်ကြီးထွားစေသော အစာ | အသားဓာတ် | သား၊ ငါး၊ ဥ၊ နို့၊ ပဲအမျိုးမျိုး |
| ရောဂါကာကွယ်စေသော အစာ | သတ္တုဓာတ် | ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ |
| | ဗီတာမင်ဓာတ် | ဟင်းသီးဟင်းရွက်၊သစ်သီးဝလံ |
| | ရေဓာတ် | အရည်အမျိုးမျိုး၊ အရည်ရွှမ်းသည့် အစာများ |

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အောက်ဖော်ပြပါအတိုင်း လိုက်နာကျင့်သုံးသင့်ပါသည်။

၁။ မွေးစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ။

၂။ အသက်ခြောက်လမှစတင်၍ အာဟာရပြည့်ဝသော ဖြည့်စွက်စာ အမျိုးမျိုးကို အသက်အရွယ်အလိုက် စုံလင်အောင်ကျွေးပါ။

၃။ အာဟာရဓာတ်များ စုံလင်မျှတစွာ ရရှိနိုင်စေရန် ဆန်၊ ဂျုံ စသည့် ကောက်နှံအမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ အသား၊ ငါး၊ နို့နှင့် ဥအမျိုးမျိုး စုံလင်အောင်စားပါ။

၄။ ကလေးများနှင့် ပျိုဖော်ဝင်အရွယ်များ အစွမ်းကုန် ကြီးထွားဖွံ့ဖြိုးနိုင်စေရန် ခန္ဓာကိုယ်ကြီးထွားမှုကို အထောက်အကူပြုသည့် အစာများ ပို၍ကျွေးပါ။

၅။ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝသော အစာများ ပိုစားပါ။

၆။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဖောဖောသီသီ စားသုံးပါ။

၇။ အဆီအမျိုးမျိုးကို ဆင်ခြင်၍ စားသုံးပါ။

၈။ မိမိအရပ်အမောင်းအလိုက်ရှိသင့်သည့် ကိုယ်အလေးချိန်ကို ထိန်းထားပါ။

၉။ အငန်ကို ဆင်ခြင်၍ မှီဝဲပါ၊ အိုင်အိုဒင်းဆားကိုသာ စားသုံးပါ။

၁၀။ သန့်ရှင်းလတ်ဆတ်၍ ဘေးဥပဒ်ကင်းသော အစာများကို ရွေးချယ်ဝယ်ယူစားသုံးပါ။

၁၁။ ကျန်းမာရေးကိုအထောက်အကူပြုသောအစားအသောက်ဆိုင်ရာ ယုံကြည်မှုများ၊ ဓလေ့ထုံးစံများ၊ အလေ့အထများကို လိုက်နာကျင့်သုံးပါ။

၁၂။ သက်ကြီးရွယ်အိုဘဝတွင် အာဟာရကြွယ်ဝသည့် အစာများကိုသာ ရွေးချယ်စားသုံးပါ။

၁၃။ ရေကို လုံလောက်အောင်သောက်ပါ၊ အချိုရည်များကို ဆင်ခြင်၍ သောက်သုံးပါ။

၁၄။ အာဟာရပြည့်ဝမျှတပြီး ကျန်းမာစွာ အသက်ရှည်ရေးအတွက် ဆေးလိပ်မသောက်ပါနှင့်၊ ဆေးမင့်ပါနှင့်၊အရက်ကိုအလွန်အကျွံ မမှီဝဲပါနှင့်။

လူကြီးတစ်ဦးအတွက် နေ့စဉ်စားသောက်သည့်အခါ အာဟာရဓာတ်များ မျှတစုံလင်စွာပါဝင်အောင် ဂရုစိုက်စားသုံးရပါမည်။ ထမင်းတစ်ပန်းကန်ကို အပိုင်းလေးပိုင်းခွဲပါ၊ လေးပုံတစ်ပုံကို ကစီဓာတ်ပါသောအစာ ဥပမာ- (ထမင်း၊ ခေါက်ဆွဲ)၊ ကျန်လေးပုံတစ်ပုံကို အသားဓာတ်ပါသောအစာများ ဥပမာ- (အသား၊ ငါး၊ ကြက်ဥ)၊ တစ်ဝက်ခန့်ကို အသီးအရွက်များအား စားသုံးပါဟု လမ်းညွှန်ထားသည့် နေ့စဉ်ဘဝတွင် ပုံမှန်စားသုံးသင့်သည့် ထမင်းတစ်ပန်းကန်စာ နမူနာအတိုင်း လိုက်နာစားသုံးသင့်ပါသည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ အစာအာဟာရစားသုံးမှု၊ သင့်တင့်မျှတစွာစားသုံးမှု၊ အာဟာရချို့တဲ့မှုတို့ကို လေ့လာဆန်းစစ်ကြည့်သည့်အခါ မိမိ လက်လှမ်းမီသော အစားအစာများကို အာဟာရပြည့်အောင် ရွေးချယ်စားသောက်မှုမရှိခြင်း၊ ဆီ၊ ဆား၊ အချိုတို့ကို လိုအပ်သည်ထက် ပိုမိုစားသုံးနေခြင်းကို တွေ့ရှိရပါသည်။ ထို့အပြင် အာဟာရပြည့်ဝစွာ မစားနိုင်သူများရှိသကဲ့သို့ လွန်ကဲစွာ စားသုံးခြင်း၊ စနစ်တကျ မစားသောက်ခြင်းကြောင့် အဝလွန်ခြင်းများလည်း ရှိနေပါသည်။

*စာမျက်နှာ ၁၇ သို့*

**■ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ အစာအာဟာရစားသုံးမှု၊ သင့်တင့်မျှတစွာစားသုံးမှု၊ အာဟာရချို့တဲ့မှုတို့ကို လေ့လာဆန်းစစ်ကြည့်သည့်အခါ မိမိလက်လှမ်းမီသော အစားအစာများကို အာဟာရပြည့်အောင် ရွေးချယ်စားသောက်မှုမရှိခြင်း၊ ဆီ၊ ဆား၊ အချိုတို့ကို လိုအပ်သည်ထက် ပိုမိုစားသုံးနေခြင်းကို တွေ့ရှိရ**

**■ ဆီစားသုံးမှုကို လျှော့ချ၍ အာဟာရမျှတအောင် စားသုံးခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်နိုင်ရေးအတွက် မိမိကိုယ်တိုင်သည်သာ တာဝန်အရှိဆုံးဟု စိတ်ပိုင်းဖြတ်၍ ပြည်သူအားလုံးမှ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ပြည်လုံးချမ်းသာဘုရားကြီးနှင့် ဓေစေတီများအား ဖူးမြော်၊ အလှူငွေများလှူဒါန်း

**စစ်တွေ အောက်တိုဘာ ၁၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီးတို့သည် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၇ ရက်က စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးနှင့် ကပ်ကျော် ရန်ပြေ မာန်ပြေ ဓေစေတီများအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ လှူဒါန်းပြီး ညနေပိုင်းတွင် လောကာနန္ဒာစေတီတော်မြတ်ကြီးရင်ပြင်၌ ကျင်းပသော သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) သီတင်းကျွတ်မီးထွန်းပွဲတော်သို့ တက်ရောက်ပြီး ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ ဘုရားကြီးသိမ်တော် ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ကပ်ကျော် ရန်ပြေ မာန်ပြေ ဗဟိုကိုးနဝင်း ဓာတုဓေစေတီ၊ အရှေ့ဘက် ကပ်ကျော် ရန်ပြေ မာန်ပြေ ကိုးနဝင်း ဓာတုဓေစေတီ၊ တောင်ဘက် ကပ်ကျော် ရန်ပြေ မာန်ပြေ ကိုးနဝင်း ဓာတုဓေစေတီ၊ အနောက်ဘက် ကပ်ကျော် ရန်ပြေ မာန်ပြေ ကိုးနဝင်း ဓာတုဓေစေတီနှင့် မြောက်ဘက် ကပ်ကျော် ရန်ပြေ မာန်ပြေ ကိုးနဝင်းဓာတုဓေစေတီတို့သို့ သွားရောက်၍ စေတီတော်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး စေတီတော်သိမ်တော်များ ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက်ရှိ စိတ္တသုခ ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဝါတွင်းကာလ၌ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနေမှုများကို လျှောက်ထားပြီး ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများသည် လောကာနန္ဒာစေတီတော်မြတ်ကြီးရင်ပြင်၌ ကျင်းပသော ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲသို့ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် ရှေးဟောင်းသမိုင်း အောင်စကြာမုနိဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပသော ဆီမီး ၃၀၀၀ ပူဇော်ပွဲအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆီမီးထွန်းညှိဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ပျော်ပျော်ပါးပါး ဆီမီးထွန်းညှိပူဇော်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးတွင် တည်ထားပူဇော်လျက်ရှိသည့် မာရဝိဇယဆင်းတုတော်နှင့် အဘယရာဇမုနိဆင်းတုတော်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ဆီမီးထွန်းညှိပူဇော်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ပျော်ပျော်ပါးပါး မီးပုံးပျံများကို လွှတ်တင်ပူဇော်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mech-anism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Com-plaints Mechanism–NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

*စာမျက်နှာ ၁၆ မှ*

အထူးသဖြင့် ဆီကို လိုအပ်သည်ထက် ပိုမိုစားသုံးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့်ဆီများကို အကြောင်းအမျိုးမျိုးကြောင့် စားသုံးနေခြင်းတို့ကြောင့် မလိုလားအပ်သော၊ မဖြစ်သင့်သော၊ ကာကွယ်၍ရနိုင်သော ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေရပါသည်။

**အဆီအမျိုးမျိုးကို ဆင်ခြင်၍ စားသုံးပါ။**

- ဆီသည်အင်အားကိုဖြစ်စေ၏။ ဗီတာမင်အေကဲ့သို့ ဆီ၌သာ ပျော်ဝင်သောဗီတာမင်တို့ကို အစာလမ်းကြောင်းမှ စုပ်ယူနိုင်ရန်အတွက် အစာစားသည့်အခါ ဆီကိုထည့်သွင်းစားသုံးရန် လိုပါသည်။ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်စစ် (Essential Fatty Acid) ရရှိရန် ဆီကိုစားသုံးရပါမည်။ ဆီသည် နှုတ်ကိုမြိန်စေသည်။ တစ်ကြိမ်တည်းနှင့် အစာများများမစားနိုင်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များသည် လိုအပ်သည့် ကယ်လိုရီအပြည့်အဝရရှိစေရန် ဆီကိုလုံလောက်အောင် စားရန် အရေးကြီးပါသည်။
- ထို့ကြောင့် ဆီကို အသက်အရွယ်အလိုက် စားသင့်သလောက် စားရမည်သာဖြစ်၏။ သို့သော် ဆီစားသုံးရာတွင် ဆင်ခြင်တတ်ရန် အရေးကြီးပါသည်။

**အဆီများသော အစားအစာများနှင့် အဆီအမျိုးမျိုးကို ဘာကြောင့် ဆင်ခြင်၍ စားသုံးသင့်သလဲ။**

- ဆီအစားများသဖြင့် ကယ်လိုရီရရှိမှုသည် လိုအပ်သည်ထက် ပိုနေပါက ခန္ဓာကိုယ်၌ အဆီများစုမိပြီး ဝဖြိုးလာနိုင်သည်။
- ခန္ဓာကိုယ်၌ အဆီများစုမိပြီး အဝလွန်လာလျှင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သည်းခြေရောဂါ၊ အဆစ်ရောင်ရောဂါများနှင့် ကင်ဆာရောဂါ (အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အသည်းအဆီဖုံးရောဂါ စသော မကူးစက်နိုင်သောရောဂါများ) ဖြစ်ပွားနိုင်သည့် အန္တရာယ်ပိုများလာသည်။

**အဆီအမျိုးမျိုးကို ဘယ်လိုဆင်ခြင်ပြီးစားသုံးကြမလဲ။**

- နို့၊ မလိုင်၊ ထောပတ် စသည့် တိရစ္ဆာန်ထွက်အဆီများတွင် ပြည့်ဝသော ဖက်တီးအက်စစ် (Saturated Fatty acids)များ ကြွယ်ဝသဖြင့် နှလုံးသွေးကြောကျဉ်းရောဂါနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်သည့် အန္တရာယ်ပို၍ များစေပါသည်။ ထိုအဆီများကို ဆင်ခြင်၍ စားသုံးရမည်။
- ဆိတ်သား၊ အမဲသား၊ ကြက်၊ ဘဲ၏အရေပြား စသည်တို့တွင် မျက်စိဖြင့် အလွယ်တကူမမြင်နိုင်သော အဆီများပါရှိနေသည်။ တတ်နိုင်သ၍ လျှော့၍ စားသုံးပါ။
- ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ စသည့် အပင်ထွက်ဟင်းချက်ဆီများတွင် မပြည့်ဝသော ဖက်တီးအက်စစ် (Unsaturated Fatty acids)များ ကြွယ်ဝသဖြင့် အသင့်အတင့် စားသုံးနိုင်ပါသည်။
- အစားအစာများကို ဆီနှင့်ကြော်၍မစားဘဲ ပြုတ်၍စားခြင်း၊ မီးကင် မီးဖုတ်၍ စားခြင်း၊ နို့ကို မလိုင်ထုတ်ပြီးမှ သောက်သုံးခြင်းတို့သည် ဆီကိုဆင်ခြင်၍ စားသည့်နည်းများ ဖြစ်ကြပါသည်။

**ကိုလက်စထရောအဆီခဲတတ် (Cholesterol)**

- ကိုလက်စထရောအဆီခဲတတ်ကို အစားအသောက်များမှ အဓိကရရှိသည်။ မလုံလောက်လျှင် ခန္ဓာကိုယ်က ထုတ်လုပ်နိုင်သည်။
- သွေးထဲတွင် မကောင်းသော ကိုလက်စထရောအဆီခဲတတ် အမျိုးအစားအချိုး များလွန်းပါက သွေးကြောများ ကျဉ်းတတ်သည်။ ပိတ်ဆို့တတ်သည်။
- ကြက်ဥ၊ ထောပတ်၊ အသည်း၊ ကျောက်ကပ် စသည့် တိရစ္ဆာန်ထွက် အစာများသည် ကိုလက်စထရော ကြွယ်ဝကြသည်။
- ပြည့်ဝဆီများ (ဝက်ဆီ၊ အမဲဆီ၊ မလိုင်၊ ထောပတ်) စားခြင်းက သွေးအတွင်း၌ ကိုလက်စထရောပမာဏကို မြင့်စေသည့်အတွက် ပြည့်ဝဆီများစားသုံးခြင်းကို အဓိကထား၍ ရှောင်ကြဉ်ရမည်။ ကိုလက်စထရော ကြွယ်ဝသည့်အစာများကို ဆင်ခြင်စားသုံးသင့်ပါသည်။

ဆီစားသုံးမှုကို လျှော့ချ၍ အာဟာရမျှတအောင် စားသုံးခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်နိုင်ရေးအတွက် မိမိကိုယ်တိုင်သည်သာ တာဝန်အရှိဆုံးဟု စိတ်ပိုင်းဖြတ်၍ ပြည်သူအားလုံးမှ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်တတ်လာလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား**

(၁) အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် အာဟာရလက်စွဲ (ကျန်းမာရေးဝန်ကြီးဌာန၊ ၂၀၁၃ ခုနှစ်)
(၂) လူတိုင်းအိမ်တိုင်းဆောင်ထား ကျန်းမာရေးအသိပညာများ (ကျန်းမာရေးဝန်ကြီးဌာန၊ ၂၀၂၄ ခုနှစ်)

# လူသားအရင်းအမြစ်ကို အခြေခံသည့် စီးပွားရေးစနစ်ဆီသို့ . . .

အေးချမ်းသူ

**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ လူသားတစ်ဦးချင်းစီ၏ အသက်သွေးကြောဖြစ်သည့် ပညာရေးပင်ဖြစ်ပေရာ နိုင်ငံ၏ ပညာရေးစနစ်ကို ဦးစားပေးကဏ္ဍအဖြစ် အလေးပေးလုပ်ဆောင်လာနေကြသည်။ "ပညာသမာ အာဗာနတ္ထိ - ပညာနှင့်တူသော အလင်းရောင်သည်မရှိ" ဟု ဆိုထားပေရာ စာပေသည် လူသားတိုင်း၏ မီးရှူးတန်ဆောင်အလင်းရောင်ပင် ဖြစ်ပေသည်။**

ပညာသည် လူသားတိုင်း၏ ကိုးကွယ်ရာ၊ ဆည်းပူးရာဖြစ်သဖြင့် ကမ္ဘာ့နိုင်ငံများတွင် ပညာရေးအနှစ်သာရကို ယုံကြည်အားကိုးကာ လူသားတို့၏ အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လာခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း ကလေးသူငယ်များ၏ ပညာရေးစနစ်ကို အဆင့်မြှင့်တင်လာရုံမျှမက စာမတတ်သူပပျောက်ရေးနှင့် လူတိုင်း စာအုပ်စာပေများကို အလွယ်တကူဖတ်ရှုလာနိုင်စေရန် အလေးပေးလုပ်ဆောင်လာလျက်ရှိသည်။ တစ်ဖက်ကလည်း တိုးတက်လာသည့် အိုင်တီနည်းပညာခေတ်ကြီးတွင် အသိပညာဗဟုသုတရှာမှီးရာနေရာများစွာ၊ အခွင့်အလမ်းများစွာ ရရှိလာနေပြီဖြစ်သည်။



တိုင်းပြည်တစ်ပြည်အတွက် ကောင်းမွန်သောအနာဂတ်ကို ထုဆစ်ပုံဖော်နိုင်ရန်မှာ မျိုးဆက်သစ်လူငယ်လူရွယ်လေးများအပေါ်တွင် များစွာမူတည်လျက်ရှိပေသည်။ လူငယ်လူရွယ်များအား အနာဂတ်ကို ပံ့ပိုးပုံဖော်နိုင်ရန်အတွက် မှန်ကန်တည့်မတ်သောအသိပညာများ ဖော်ဆောင်ပေးကြရပေလိမ့်မည်။ ထိုသို့ပေးနိုင်ရန်မှာ ပညာရေး၏ အခန်းကဏ္ဍသည် အခြေခံကျသည့်အုတ်မြစ်ပင် ဖြစ်ပေသည်။

ယင်းအပြင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ဆိုသည်မှာ ထိုနိုင်ငံတွင်နေထိုင်သည့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပေသည်။ ထိုကဲ့သို့ တိုးတက်ရန်မှာ လူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာစွမ်းအားများ မြင့်မားနေမှသာ ရပေလိမ့်မည်။ အသိပညာ၊ အတတ်ပညာများ မြင့်မားနေရန်မှာ စာပေဖတ်ရှုမှုမှတစ်ဆင့်သာ ရရှိလာနိုင်ပါမည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ"ဟု ဆိုထားပေရာ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ မွေးမြူသင်ယူသင့်ပေသည်။ စာဖတ်ခြင်းသည် အသက်အရွယ်မရွေး၊ လူတန်းစားမရွေး ဖတ်ရှုနိုင်သဖြင့် အသိပညာ၊ ဗဟုသုတများကို ရှာမှီးပြီး မိမိတို့၏ လူမှုစီးပွားဘဝများကို ဖန်တီးပုံဖော်ရာတွင် အသိပညာဖြင့် လုပ်ဆောင်သွားမည်ဆိုလျှင် ကျရောက်လာနိုင်သည့် အခက်အခဲအမျိုးမျိုးကို ကျော်လွှားအောင်မြင်နိုင်မည်ဖြစ်သည်။

လူတိုင်း စာတတ်မြောက်စေရန် ရည်ရွယ်၍ စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ၁၉၆၄ ခုနှစ်မှ စတင်ကာ 'အ'သုံးလုံး သင်ကြားရေးနည်းလမ်းများဖြင့် လုပ်ဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် စာတတ်မြောက်ရေးကြီးကြပ်မှု ဗဟိုကော်မတီကို ဖွဲ့စည်းပြီး တော်လှန်ရေးကောင်စီနှင့် ပြည်သူတို့ လက်တွဲကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ စာတတ်မြောက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၏ အကျိုးရလဒ်အဖြစ် ၁၉၇၁ ခုနှစ်တွင် ယူနက်စကိုအဖွဲ့က ချီးမြှင့်သည့် မိုဟာမက်ထရီဇာပါလာဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ကြီးက ထပ်မံချီးမြှင့်ခဲ့သည့် နိုမာဆုကို ရရှိခဲ့ပါသည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ၂၀၁၃ ခုနှစ်တွင် ပြည်နယ်ငါးခုရှိ မြို့နယ် ကိုးမြို့နယ်မှ စာမတတ်သူဦးရေ ၂၂၄၁၇ ဦးအား တက္ကသိုလ် ၁၀ ခုမှ လုပ်အားပေး ကျောင်းသား ကျောင်းသူ ၁၉၈၅ ဦးတို့ဖြင့် စတင်သင်ကြားစေခဲ့ရာမှ နှစ်အလိုက် မြို့နယ်၊ စာပေသင်ယူသူဦးရေ၊ စာသင်ဝိုင်း၊ သင်ကြားသင်ယူသူဦးရေတို့ကို တိုးမြှင့်သင်ကြားစေခဲ့ပါသည်။

ယခုနှစ် အောက်တိုဘာ ၉ ရက်တွင်လည်း နေပြည်တော် ရှစ်မြို့နယ်တွင် စဉ်ဆက်ပညာရေးလုပ်ငန်းကို အမျိုးသားရေးအသွင် လုပ်ဆောင်နိုင်စေရန် ဒေသတွင်း အခြေခံစာတတ်မြောက်မှုနှုန်း တိုးတက်ရေးနှင့် လူမှုဘဝမြင့်မားလာစေရေးတို့အတွက် နေပြည်တော် ရှစ်မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ စာသင်သားဦးရေ ၅၄၁ ဦး၊ ဒေသန္တရစေတနာလုပ်အားပေးနည်းပြ ၉၄ ဦးနှင့် ကြီးကြပ်သူ ၁၃ ဦးတို့က စာသင်ဝိုင်း ၄၇ ဝိုင်းဖြင့် သင်ကြားရေးကာလ ရက်ပေါင်း ၉၀ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးကဏ္ဍတွင် **"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"**ဟူသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ကျောင်းသင်ပညာရေးကဏ္ဍအပြင် ကျောင်းပြင်ပ ပညာရေးကဏ္ဍများဖြင့်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အနာဂတ်နိုင်ငံတော်အတွက် ကောင်းမွန်သော အမျိုးသားပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်မှုအဖြစ် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်စွဲဖြင့် အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းအပြင် ပညာရေးကဏ္ဍကို မြှင့်တင်အကောင်အထည်ဖော်နိုင်ရန်အတွက် အနှစ် (၃၀) နှစ်ရှည်စီမံကိန်းများချမှတ်ကာ ဆောင်ရွက်စေလျက်ရှိသည်။

ထို့ပြင် လူတိုင်းစာဖတ်သည့် အလေ့အထများ ရှင်သန်လာစေရန်နှင့် ကျေးလက်၊ မြို့ပြ ကွာဟမှုမရှိစေဘဲ လူတိုင်းစာပေဖတ်ရှုနိုင်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စာကြည့်တိုက်များအပြင် ကျေးရွာများအရောက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ပြည်သူများလက်ဝယ်အရောက် စာအုပ်များ ငှားရမ်းပို့ဆောင်စေခြင်းအပြင် အခြေခံပညာကျောင်းများတွင် အသိပညာဗဟုသုတများ တိုးပွားစေမည့် နံရံကပ်စာစောင်များ ဖွင့်လှစ်ပြသစေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ နိုင်ငံတော်မှ ပညာရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်သူများ အသိပညာ၊ အတတ်ပညာများတိုးပွားစေရန် ဘက်ပေါင်းစုံမှ မြှင့်တင်ဖော်ဆောင်လျက်ရှိရာ နိုင်ငံ့တာဝန်ကို ကျရာအခန်းကဏ္ဍမှ ပခုံးပြောင်းထမ်းဆောင်ကြရမည့် လူငယ်လူရွယ်များအနေဖြင့်လည်း ဗလငါးတန်နှင့် ပြည့်စုံသော လူတော်လူကောင်းလေးများ ဖြစ်လာစေရန် စွမ်းစွမ်းတမံ ကြိုးစားသွားကြရပေမည်။ ကျောင်းတွင်းပညာရေးသာမက ကျောင်းပြင်ပပညာရေးကိုပါ ဆည်းပူးလေ့လာပြီး ဘက်စုံထူးချွန်သည့် လူရည်မွန်လေးများ ဖြစ်စေရန် လေ့လာကြိုးစားသွားကြရပေမည်။ ပြည်သူများကလည်း စာဖတ်သည့် အလေ့အကျင့်ကောင်းများ လေ့ကျင့်သင်ယူစေခြင်းဖြင့် ဆင်ကန်းတောတိုးအဖြစ်မျိုး မကြုံစေဘဲ စဉ်းစားဆင်ခြင်တွေးခေါ်မြော်မြင်နိုင်သည့် အသိဉာဏ်ပညာများ ရရှိပိုင်ဆိုင်နိုင်လိမ့်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ဗဟုသုတရှာမှီးရာနေရာတစ်ခုဖြစ်သည့် ပြည်သူ့စာကြည့်တိုက်များ ပိုမိုဖွံ့ဖြိုးစည်ပင်လာစေရန် စာကြည့်တိုက်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့်လည်းကောင်း၊ ပြည်သူများစာဖတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူစေခြင်းဖြင့် လည်းကောင်း၊ ကျောင်းသားလူငယ်များ စာပေဖတ်ရှုသည့် အလေ့အထများ စွဲမြဲနေစေရန် မွေးထုတ်ပေးစေခြင်းအပြင် ကျောင်းစာကြည့်တိုက်များကို ဖြည့်ဆည်းပံ့ပိုးစေခြင်းအားဖြင့်လည်းကောင်း သဘာဝသယံဇာတကို အခြေခံသည့် စီးပွားရေးစနစ်မှ လူသားအရင်းအမြစ်ကိုအခြေခံသည့် စီးပွားရေးစနစ် (ပညာကို မဏ္ဍိုင်ပြုသည့်စနစ်)သို့ ကူးပြောင်းနိုင်မည်ဖြစ်သည်။

စာပေသည် ပြည်သူများ၏ အသိဉာဏ်ရှိမှု၊ ဗဟုသုတပြည့်စုံကြွယ်ဝမှု၊ အတွေးအခေါ် ဆင်ခြင်တုံတရား ထက်မြက်မှုရှိရုံမျှမက နိုင်ငံချစ်စိတ်စသည့် အမျိုးသားရေးစိတ်ဓာတ်များကို နိုးကြားတက်ကြွစေ့ဆော်ပေးရာရောက်သဖြင့် လူငယ်မောင်မယ်လေးများမှသည် ကြီးငယ်မဟူ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများကို မွေးမြူသင်ယူစေပြီး လူတိုင်း စာတတ်မြောက်ရေးအားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❖ နိုင်ငံတော်မှ ပညာရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်သူများ အသိပညာ၊ အတတ်ပညာများ တိုးပွားစေရန် ဘက်ပေါင်းစုံမှ မြှင့်တင်ဖော်ဆောင်လျက်ရှိရာ နိုင်ငံ့တာဝန်ကို ကျရာအခန်းကဏ္ဍမှ ပခုံးပြောင်းထမ်းဆောင်ကြရမည့် လူငယ်လူရွယ်များအနေဖြင့်လည်း ဗလငါးတန်နှင့် ပြည့်စုံသော လူတော် လူကောင်းလေးများ ဖြစ်လာစေရန် စွမ်းစွမ်းတမံ ကြိုးစားသွားကြရပေမည်။ ကျောင်းတွင်းပညာရေးသာမက ကျောင်းပြင်ပ ပညာရေးကိုပါ ဆည်းပူးလေ့လာပြီး ဘက်စုံထူးချွန်သည့် လူရည်မွန်လေးများဖြစ်စေရန် လေ့လာကြိုးစားသွားကြရပေမည်။ ပြည်သူများကလည်း စာဖတ်သည့် အလေ့အကျင့်ကောင်းများ လေ့ကျင့်သင်ယူစေခြင်းဖြင့် ဆင်ကန်းတောတိုးအဖြစ်မျိုး မကြုံစေဘဲ စဉ်းစားဆင်ခြင် တွေးခေါ်မြော်မြင်နိုင်သည့် အသိဉာဏ်ပညာများ ရရှိပိုင်ဆိုင်နိုင်လိမ့်မည်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အနားယူကြသူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၁၈**

ယနေ့သည် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ကုသိုလ်ဒါနသီလ ပွားများခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေ နေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်က ကုသိုလ်ပြုကြသူများ၊ ရောင်စုံမီးပုံးများ လွှတ်တင်ကြသူများဖြင့် စည်ကားစွာတွေ့ရစဉ်။

**ကုသိုလ်ယူ**

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးများ ပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ယင်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက် ပေးခြင်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာ အကအလှဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

**စည်ကား**

နေပြည်တော် ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများ တပ်ဆင်ထားပြီး လာရောက် အပန်းဖြေသူများဖြင့် စည်ကား များပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူအပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများ လာရောက် အနားယူအပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများလွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စတုဒိသာအလှူဒါန ကျွေးမွေးလှူဒါန်းမှုကို တွေ့ရစဉ်။



တေးဂီတဖြင့် သီဆိုဖျော်ဖြေမှုနှင့် ကြည့်ရှုအားပေးကြသူများကို တွေ့ရစဉ်။

## လွိုင်လင်မြို့တွင် သီတင်းကျွတ်လပြည့်ည မီးပဒေသာလှည့်လည်ပူဇော်ပွဲကျင်းပ



**လွိုင်လင် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့တွင် ၁၃၈၆ ခုနှစ် သီတင်းကျွတ် မီးထွန်းပွဲတော်လပြည့်ညတွင် မီးပဒေသာလှည့်လည်ပူဇော်ပွဲကို ယမန်နေ့ ညပိုင်းက ကျင်းပသည်။

မီးပဒေသာ လှည့်လည်ပူဇော်ပွဲကို စုရပ်ဖြစ်သည့် မြို့မဈေးကြီး အနောက်ဘက်မှ မင်းလမ်းမကြီးတစ်လျှောက် ထိုမှတစ်ဆင့် လွိုင်လင် - တောင်ကြီး ပြည်ထောင်စုလမ်းအတိုင်း လှည့်လည်ပူဇော်ကြပြီးနောက် အောင်မင်္ဂလာ အနောက်ကျောင်းအထိ လှည့်လည်ခြင်း၊ မီးပုံးပျံငယ်လွှတ်တင်ခြင်း၊ နေအိမ်များ၊ ဈေးဆိုင်များတွင် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိခြင်း၊ ထင်းရှူးဆီမီးတိုင်များ၊ ဖယောင်းတိုင်များ ထွန်းညှိခြင်းများအပြင် မြို့မဈေးကြီးရှေ့၌ လပြည့်ကျော် ၁ ရက်တွင် ဆွမ်းဆန်စိမ်းလောင်းလှူမည့် ပန်းခင်းလမ်းခင်းခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**လွိုင်လင်မိုး**

နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်ရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ နယ်မြေခံသင်တန်းကျောင်းသို့ ရောက်ရှိလာသည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

**လိုက်လံနှုတ်ဆက်**

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ၊ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


❖ ***ကျောဖုံးမှ***


နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင် သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**




**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်ယန္တရားယာဉ်အပိုပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၃ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုးနှင့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၈၂၅၆၃၂၆) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၄၄၈၆၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၂၇၀၄၉၂၆ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် အောက်တိုဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် ၁၁ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၉ ဒသမ ၉၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၉၁၆၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၆၈၉၁၆၀ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၃၃၉၄၀၈၆)ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ ဖမ်းဆီးရမိမှုများတွင် စက်ယန္တရားယာဉ်အပိုပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရပြီး ထိုကဲ့သို့ တရားမဝင်ပစ္စည်းများ တင်သွင်းလာမှုကြောင့် တရားဝင်တင်သွင်းသည့် လုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာမှုဖြစ်စေခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်သဖြင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကျေးရွာအချို့တွင် သန်းခေါင်စာရင်းကောက်ယူသူများအား ကျွေးမွေးညှော်ခံရန် ငွေကြေးကောက်ခံနေကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းအမှားများဖြင့် လှုံ့ဆော်ရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကျေးရွာအချို့တွင် သန်းခေါင်စာရင်းကောက်ယူသူများအား ကျွေးမွေးညှော်ခံရန် ငွေကြေးကောက်ခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးအား မေးမြန်းရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁ ရက်နေ့မှစတင်ကာ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့များပူးပေါင်း၍ စတင်ကောက်ယူလျက်ရှိကြောင်း၊ ပြည်သူများက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အားပေး လူပုဂ္ဂိုလ်၊ အဖွဲ့များမှ မနာလို၊ မရှုဆိတ်ဖြင့် သန်းခေါင်စာရင်းကောက်ယူလျက်ရှိသော တာဝန်ရှိသူများကို ပြည်သူများက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ကာ မဟုတ်မမှန် သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မဟာအောင်မြေနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

မဟာအောင်မြေနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၇ ရက် ညနေ ၅ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင် ရပ်ကွက် ၅၈ လမ်း၊ ၄၁ x ၄၂ လမ်းကြားတွင် မခွန်မိုင် မောင်းနှင်လာသည့် SUZUKI SWIFT အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၂၉၅ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်နွဲ့ကျေးရွာအနီးတွင် အားဟူမောင်းနှင်ပြီး အားထေ့လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရေနံချောင်းမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ရန်အတွက် လူငယ် ၇၀ ကျော်ကို ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီက




အောက်တိုဘာလအတွင်းစတင်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ရန်အတွက် လူငယ် ၇၀ ကျော်ကို ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ရေနံချောင်းမြို့နယ်အတွင်း စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များအား ဖမ်းဆီးနေသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရေနံချောင်းမြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် လှည့်ကင်းပတ်ကင်းများကို ရေနံချောင်းမြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်းသာ တိကျစွာလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူလူထု အထင်အမြင်လွဲမှားစေရန်၊ စိုးရိမ်ပူပန်မှုမြင့်တက်စေရန်၊ ရေနံချောင်းမြို့အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ယခုကဲ့သို့ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပင်းတယမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား အမျိုးသမီးတစ်ဦးနှင့် ကလေး(ကျား) တစ်ဦးတို့ သေဆုံး

**နေပြည်တော် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်၌ အောက်တိုဘာ ၁၇ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီး တစ်ဦးနှင့် ကလေး (ကျား) တစ်ဦးတို့ သေဆုံးပြီး အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦးနှင့် ကလေး (မ) တစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၇ ရက် နံနက် ၁၁ နာရီခန့်တွင် ပင်းတယမြို့နယ် ကိုးလုံးကျေးရွာ ကိုးလုံးတံတားအနီး မိုင်တိုင်အမှတ် ၂၆ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပင်းတယမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပင်းတယမြို့ဘက်မှ ရပ်စောက်မြို့ဘက်သို့ ကျောက်မဲမြို့နယ် အောင်မြေသာယာကျေးရွာနေ ကိုလေး(ခ)ဂျွန်စောထက်(၂၁) နှစ်မောင်းနှင်ပြီး ငြိမ်းချမ်းရေးကုန်းရပ်ကွက်နေ ကျော်သူဟန်(၂၂)နှစ်နှင့် တစ်ရပ်ကွက်တည်းနေ ဝိုင်းချစ်(၁၇)နှစ် တို့လိုက်ပါလာသည့် 5G/xxxx CANTER ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမျက်နှာချင်းဆိုင်မှ ပင်းတယမြို့နယ် ပြင်သာကျေးရွာနေ မမိုးကေခိုင်(ခ)မမိုး(၂၃)နှစ်မောင်းနှင်ပြီး တစ်ရွာတည်းနေ ဖြိုးသီဟဇော် (ခ)ဖိုးသား(၆)နှစ်၊ မဆောင်းဟေမာန်ဦး(၁၂)နှစ်၊ မဂျင်ဇာဝင်း(၂၉)နှစ်တို့ လိုက်ပါလာသည့် ADIXIN–125 ဆိုင်ကယ်နှင့် မဝိုင်းနီနီအောင် (၁၈)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ မဇင်မီမီသန့်(၂၀)နှစ် လိုက်ပါလာသည့် ၃၄ယ/xxxxx KENBO–125 ဆိုင်ကယ်တို့ကို ဝင်ရောက်တိုက်မိခဲ့ပြီး ဆိုင်ကယ် နှစ်စီး လဲကျသွားကာ မော်တော်ယာဉ်မှာ ကိုးလုံးချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် မမိုးကေခိုင်(ခ)မမိုးနှင့် ဖြိုးသီဟဇော်(ခ)ဖိုးသားတို့မှာ ရရှိသောဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မဆောင်းဟေမာန်ဦး၊ မဂျင်ဇာဝင်း၊ မဝိုင်းနီနီအောင်၊ ကိုလေး(ခ)ဂျွန်စောထက်၊ ကျော်သူဟန်နှင့်ဝိုင်းချစ်တို့တွင် ဒဏ်ရာများ အသီးသီး ရရှိခဲ့သဖြင့် ကိုလေး(ခ)ဂျွန်စောထက်အား ပင်းတယမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**အောက်တိုဘာ ၁၉ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ် (၈) မှ ပွဲပေါင်း (၇) ပွဲကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အမှတ်ပေးဇယားဦးဆောင်ခွင့်ရရေး အမှားခံလို့မရတဲ့ ပွဲစဉ်ပါဝင်သလို တန်းဆင်းဇုန်မှ လွတ်မြောက်ရေး အားထုတ်လာမယ့် ပွဲစဉ်တွေပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။**



| ပရီမီယာလိဂ် ပွဲစဉ် (၈) | |
|---|---|
| ၁၉-၁၀-၂၀၂၄ | စနေနေ့ |
| စပါး - ဝက်စ်ဟမ်း | ည ၆း၀၀ |
| ဖူလ်ဟမ် - ဗီလာ | ည ၈း၃၀ |
| အစ်ဆွစ် - အဲဗာတန် | ည ၈း၃၀ |
| မန်ယူ - ဘရန့်ဖို့ဒ် | ည ၈း၃၀ |
| နယူးကာဆယ် - ဘရိုက်တန် | ည ၈း၃၀ |
| ဆောက်သမ်တန်-လက်စတာ | ည ၈း၃၀ |
| ဘုန်းမောက် - အာဆင်နယ် | ည ၁၁း၀၀ |

# ဘုန်းမောက်အသင်း ခြေစွမ်းထက်မြက်လင့်ကစား ခြေစွမ်းသာလွန်တဲ့ အာဆင်နယ်ကို အခက်တွေ့အောင်သာကစားနိုင်ဖွယ်ရှိ

■ မိုးဇက် - စုစည်းသည်

## စပါး VS ဝက်စ်ဟမ်း

နှစ်သင်းကြား ခြေစွမ်း သိသိသာသာ ကွာဟမှုမရှိဘူး။ စပါးအသင်းမှာ အားထားရတဲ့ တောင်ပံတိုက်စစ်ကစားသမား ဂျွန်ဆင်နဲ့ ဆွန်ဟောင်မင်တို့ရှိပြီး ဝက်စ်ဟမ်းအသင်းမှာ ခြေစွမ်းပြနေတဲ့ ဘိုဝင်၊ ဆော့ချက်ခ်၊ ပါကွီတာတို့ရှိတယ်။ ဒါ့အပြင် စပါးအသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးနိမ့်ထားတာကြောင့် ဒီပွဲစဉ်မှာ ဝက်စ်ဟမ်းကို နိုင်ပွဲရရေး ဦးတည်လာမှာသေချာတယ်။ ဝက်စ်ဟမ်းအသင်းကလည်း နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲသာနိုင်ပွဲရရှိထားတာကြောင့် ရလဒ်ကောင်းရရှိရေး ခြေကုန်ထုတ်လာမှာ သေချာတယ်။

## ဖူလ်ဟမ် VS ဗီလာ

ဖူလ်ဟမ်က ပြီးခဲ့တဲ့ပွဲစဉ်မှာ အသင်းကြီး မန်စီးတီးကို ရှုံးနိမ့်ခဲ့တယ် ဆိုပေမယ့် ဂိုးရဖို့ နီးစပ်တဲ့အခွင့်အရေးဖန်တီးမှုပိုင်းမှာ မန်စီးတီးအသင်းထက် သာလွန်မှုရှိတယ်။ ဗီလာအသင်းမှာ အားထားရတဲ့ ဂိုးသမားမာတီနက်ဇ်၊ ခံစစ်မှာ ဒင်နီ၊ ကွင်းလယ်မှာ တိုင်လီမန်းစ်၊ တိုက်စစ်မှာ ရော်ဂျာနဲ့ ဝက်ကင်စ်တို့ရှိပေမယ့် ကစားပုံကျစ်လျစ်ပြီး ပြိုင်ဘက်ကို အခက်တွေ့အောင် ကစားနိုင်စွမ်းရှိတဲ့ ဖူလ်ဟမ်ကို အသာရဖို့ မလွယ်ဘူး။ သို့သော်ငြား အဆုံးသတ်ပိုင်းအားနည်းခဲ့ရင် ဖူလ်ဟမ်အသင်း ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

## အစ်ဆွစ် VS အဲဗာတန်

အစ်ဆွစ်အသင်းက တန်းဆင်းဇုန်အတွင်း ရပ်တည်နေတဲ့ ပဲလေ့စ်အသင်းနဲ့ ရမှတ်ပွာဟမှု တစ်မှတ်သာရှိပြီး ပွဲစဉ် (၇) ပြီးတဲ့အထိ နိုင်ပွဲရရှိထားခြင်း မရှိသေးဘူး။ နှစ်သင်းကြား ခြေစွမ်းကွာဟမှု မရှိသလို ရမှတ်ကွာဟမှုကလည်း တစ်မှတ်သာရှိတယ်။ မည်သို့ပင်ဆိုစေ အစ်ဆွစ်အသင်းရော အဲဗာတန်အသင်းပါ တန်းဆင်းဇုန်အထက် ပြတ်သားတဲ့ရလဒ်နဲ့ ဆက်လက်ရပ်တည်နိုင်ဖို့ နိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာပါ။ အဲဗာတန်အသင်းထက် ပထမဆုံးလိဂ်နိုင်ပွဲရရေး အားထုတ်လာမယ့် အစ်ဆွစ်ရဲ့ ရှန်းအားကို ကြည့်ရမယ်။

## မန်ယူ VS ဘရန့်ဖို့ဒ်

မန်ယူက စက်တင်ဘာ ၁၈ ရက်မှာ ဘန်စလေကို ဂိုးပြတ်နိုင်ပွဲ ရရှိပြီးနောက် နိုင်ပွဲပျောက်နေတဲ့အသင်းဖြစ်တယ်။ ဘရန့်ဖို့ဒ်က နောက်ဆုံးလေးပွဲမှာ နှစ်ပွဲအထိ နိုင်ပွဲရအောင် စွမ်းဆောင်ထားနိုင်တယ်။ ဘရန့်ဖို့ဒ်က မန်ယူအသင်းထက် ခံစစ်ပိုင်းအားနည်းတယ်လို့ ဆိုနိုင်ပေမယ့် တိုက်စစ်ပိုင်း သာလွန်မှုရှိတယ်။ မန်ယူအသင်းက အသင်းကစားပုံပိုင်း တိုးတက်မှုရှိပေမယ့် အသင်းရလဒ်ပိုင်းကတော့ ဆိုးရွားနေဆဲဖြစ်တယ်။ ဒါကြောင့် မန်ယူအသင်းအနေနဲ့ ဒီပွဲစဉ်မှာ အသင်းရဲ့ ရလဒ်ပိုင်းဆိုးရွားမှုကို ချေဖျက်သွားနိုင်မလား စောင့်ကြည့်ရမယ်။

## နယူးကာဆယ် VS ဘရိုက်တန်

ကစားဟန်မာကျောတဲ့ ခြေရည်တူနှစ်သင်း တွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။ နယူးကာဆယ်က ပရီမီယာလိဂ်မှာ နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ အသင်းဖြစ်တယ်။ ဘရိုက်တန်ကလည်း ပရီမီယာလိဂ် နောက်ဆုံးငါးပွဲမှာ နိုင်ပွဲရရှိထားတယ်။ မည်သို့ပင်ဆိုစေ ပရီမီယာလိဂ်နိုင်ပွဲ ပြန်လည်ရှာတွေ့ဖို့ ကြိုးစားလာမယ့် နယူးကာဆယ်အသင်းကို လိဂ်နိုင်ပွဲဆက် ရရှိဖို့ ကြိုးပမ်းလာမယ့် ဘရိုက်တန်အသင်း အခက်တွေ့အောင်သာ ကစားနိုင်ဖွယ်ရှိတယ်။

## ဘုန်းမောက် VS အာဆင်နယ်

ခြေစွမ်းပုံမှန်မရှိတဲ့ ဘုန်းမောက်အသင်းအနေနဲ့ အမှတ်ပေးဇယားဦးဆောင်ခွင့်ရဖို့ အမှားခံလို့မရတဲ့ အာဆင်နယ်အသင်းရဲ့ ထိုးဖောက်တိုက်စစ်ဆင်ကစားမှုကို ပွဲချိန်ပြည့် ဟန့်တားဖို့ခက်မယ်။ အာဆင်နယ်အသင်းက ပြိုင်ပွဲစုံနောက်ဆုံးလေးပွဲမှာ ဂိုးပြတ်နိုင်ပွဲတွေ ဖော်ဆောင်ကာ ဘုန်းမောက်အသင်းထက် သာလွန်တဲ့ ခြေစွမ်းကိုပြသထားနိုင်တယ်။ ဘုန်းမောက်အသင်း ခြေစွမ်းထက်မြက်လင့်ကစား အာဆင်နယ်ကို အခက်တွေ့အောင်သာကစားနိုင်ဖွယ်ရှိပြီး နိုင်ပွဲရဖို့အထိ စွမ်းဆောင်နိုင်ဖွယ်မရှိဘူး။

# နိုင်ပွဲရရေး ခြေကုန်ထုတ်လာမယ့် ရီးရဲမက်ဒရစ် တိုက်စစ်ကို ဆဲလ်တာဗီဂို ဟန့်တားသွားနိုင်မလား

စပိန်လာလီဂါပွဲစဉ် (၁၀) မှ ဆဲလ်တာဗီဂိုနှင့် ရီးရဲမက်ဒရစ်အသင်းပွဲစဉ်ကို အောက်တိုဘာ ၂၀ ရက် နံနက် ၁ နာရီခွဲတွင် ဆဲလ်တာဗီဂိုအသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယင်းပွဲစဉ်မှာ အမှတ်ပေးဇယားဦးဆောင်သူ ဘာစီလိုနာအသင်းကို ထက်ကြပ်မကွာ ဖိအားပေးနိုင်ရန် ရီးရဲမက်ဒရစ်အသင်းအတွက် အရေးပါသည့် ပွဲစဉ်ဖြစ်သလို ပြိုင်ဘက်ဆဲလ်တာဗီဂို အသင်းအတွက်လည်း အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ရေးအတွက် အရေးပါသည့် ပွဲစဉ်အဖြစ် ရှိနေသည်။ စပိန်လာလီဂါ ပွဲစဉ် (၉) အပြီးတွင် အမှတ်ပေးဇယားကို ဘာစီလိုနာအသင်းက ရမှတ် ၂၄ မှတ်ဖြင့် ဦးဆောင်ထားပြီး ရီးရဲမက်ဒရစ်အသင်းက ရမှတ် ၂၁ မှတ်ဖြင့် အနီးကပ်ဖိအားပေးလျက်ရှိသည်။

ဆဲလ်တာဗီဂိုအသင်း၏ ပြိုင်ဘက်တိုင်းကို ခက်ထန်မာကျောသည့် ကစားဟန်ကြောင့် ရီးရဲမက်ဒရစ်အသင်းအခက်တွေ့နိုင်သည်။ သို့သော်လည်း မဖြစ်မနေနိုင်ပွဲရရေး ခြေကုန်ထုတ်လာမယ့် ရီးရဲမက်ဒရစ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ဆဲလ်တာဗီဂိုအသင်း ပွဲချိန်တစ်လျှောက် ထိန်းချုပ်ဟန့်တားရန် မလွယ်ကူသည့် အခြေအနေတွင်ရှိသည်။

ဆဲလ်တာဗီဂိုနှင့် ရီးရဲမက်ဒရစ်အသင်းတို့ နောက်ဆုံးနှစ်ကြိမ်ထိပ်တိုက်တွေ့ဆုံမှုတွင် ရီးရဲမက်ဒရစ်အသင်းက အသာရထားပြီး နှစ်ကြိမ်စလုံး နိုင်ပွဲရရှိထားသည်။ ထို့ကြောင့် ဆဲလ်တာဗီဂိုအသင်းသည် ယခုပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာကို ချေဖျက်သွားနိုင်မလား သို့တည်းမဟုတ် ရှုံးပွဲထပ်မံကြုံတွေ့သွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။



# နော်တင်ဟမ်နည်းပြ ဆန်တို ကို ပွဲကြီးကြပ်ခွင့် သုံးပွဲပိတ်ပင်

ပြီးခဲ့သည့်လက ဘရိုက်တန်ကို သရေကျခဲ့သည့်ပွဲစဉ်တွင် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် နော်တင်ဟမ် ဖောရက်စ် နည်းပြ နူနိုအက်စ်ပီရီတိုဆန်တိုကို ပွဲကြီးကြပ်ခွင့် သုံးပွဲပိတ်ပင်လိုက်ကြောင်း သိရသည်။

ထို့ပြင် ကွင်းလယ်ကစားသမား မော်ဂန်ဂစ်ဗိုက်ကိုလည်း အဆိုပါပွဲစဉ်တွင် ၎င်း၏မလျော်ကန်သော ပြုမူပုံအတွက် တစ်ပွဲပိတ်ပင်လိုက်ကြောင်း သိရသည်။ ၎င်းသည် အဆိုပါပွဲစဉ်တွင် ဒုတိယအဝါကတ်ပြသခံရပြီးနောက် ပွဲချိန် ၈၃ မိနစ်တွင် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ နည်းပြ ဆန်တိုသည် ပေါင် ၅၅၀၀၀ ဒဏ်ရိုက်ခံရသည့်အပြင် ဂစ်ဗိုက်မှာလည်း ပေါင် ၂၀၀၀၀ ဒဏ်ရိုက်ခံခဲ့ရသည်။ နည်းပြ ဆန်တိုသည် ၎င်း၏ ပြုမူပုံနှင့်ပတ်သက်ပြီး ဒိုင်လူကြီး ရော့ဘ်ဂျုန်းစ်နှင့် စတုတ္ထဒိုင် အန်တိုနီ တေလာအပါအဝင် တာဝန်ရှိသူများကို တောင်းပန်ခဲ့ကြောင်း သိရသည်။



# ကယားပြည်နယ် လွိုင်ကော်မြို့ သမိုင်းဝင်မြို့နာမ်စေတီတော်မြတ်၌ သီတင်းကျွတ်လပြည့်နေ့ ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်



လွိုင်ကော်  အောက်တိုဘာ ၁၈

**ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ သမိုင်းဝင်မြို့နာမ်စေတီတော်မြတ်၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲကို ယမန်နေ့ ညပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ခဲ့ကြသည်။**

ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး (ယာပုံ) ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မြို့နာမ်စေတီတော်မြတ် ဂန္ဓကုဋီတိုက်အတွင်းရှိ မြတ်စွာဘုရားရှင်အား ဆီမီးများ ကပ်လှူပူဇော်ကြသည်။

**ဆီမီးများကပ်လှူပူဇော်**

ဆက်လက်၍ မြို့နာမ်စေတီတော်မြတ် အထက်ပစ္စယာရှိ မြတ်စွာဘုရားရှင်အား ဆီမီးကပ်လှူပူဇော်နေစဉ် စေတီတော်ရင်ပြင်တော်ပေါ်၌ သတ်မှတ်နေရာ အသီးသီးရှိ ဧည့်ပရိသတ်အပေါင်းတို့က တစ်ပြိုင်နက်တည်း ဆီမီးများ ကပ်လှူပူဇော်ခဲ့ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက စေတီတော်မြတ်အား လက်ယာရစ် လှည့်လည်ပူဇော်၍ ရင်ပြင်တော်ပေါ်၌ ဆီမီးများ ကပ်လှူပူဇော်နေမှုတို့ကို ကြည်ညိုသဒ္ဓါပွားများခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့မှ ကုသိုလ်ပြုကျွေးမွေးလျက်ရှိသည့် စတုဒိသာမဏ္ဍပ်များ၌ ပွဲတော်လာ ပရိသတ်များအား ဧည့်ခံကျွေးမွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ဆက်လက်၍ မီးပုံးပျံများ လွှတ်တင်သည့် ကွင်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ပွဲတော်သို့ လာရောက်ဧည့်ခံဖျော်ဖြေကြသော ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့) တွင် လွိုင်ကော်မြို့၌ ဘုရားစေတီပုထိုးများ၊ ပြည်နယ်အစိုးရ အဖွဲ့ရုံး၊ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက် များတွင် ဆီမီးများနှင့် လျှပ်စစ်မီး အလှများ ထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြစ်ကြီးနားမြို့၌ အဘိဓမ္မာအခါတော်နေ့ (သီတင်းကျွတ်လပြည့်နေ့) တွင် ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများ၌ ဆီမီးထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းနှင့် စတုဒိသာများဧည့်ခံကျွေးမွေးခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပ



မြစ်ကြီးနားမြို့၌ ကျင်းပသည့် သီတင်းကျွတ်ပွဲတော်တွင် အများပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

**မြစ်ကြီးနား အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးကြပ်စီမံမှုဖြင့် ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့၌ မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)၌ မြို့ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် စေတီတော်မြတ်ကြီးများတွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းနှင့် စတုဒိသာများ ဧည့်ခံ ကျွေးမွေးခြင်းတို့ဖြင့် အေးချမ်းပျော်ရွှင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဆီမီးထွန်းညှိပူဇော်**

ထိုသို့ သီတင်းကျွတ်လပြည့်နေ့တွင် ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ အနားယူခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများသည် ရှေးဦးစွာ မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် စေတီတစ်ဆူဖြစ်သည့် လောကမာန်အောင် ဆုတောင်းပြည့်စေတီသို့ သွားရောက်ပြီး သီတင်းကျွတ်ပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ ကုသိုလ်ကောင်းမှုပြုရန် လာရောက်သည့် ပြည်သူများအား မုန့်နှင့် ရေခဲမုန့်များကို စတုဒိသာအဖြစ် ဧည့်ခံကျွေးမွေးခဲ့ကြကာ စေတီတော်ရင်ပြင်၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ပန်းရေချမ်းဆီမီး ကပ်လှူပူဇော်ခြင်းများကို ပြည်သူများနှင့်အတူ ဆောင်ရွက်ခဲ့ကြပြီး မီးပုံးပျံများကို လွှတ်တော်ပူဇော်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် အံတော်ရှင် စေတီတော်မြတ်ကြီးသို့ သွားရောက်ခဲ့ကြပြီး ဘုရားဖူးကုသိုလ်ဒါနပြုရန် လာရောက်ကြသည့် ပြည်သူများနှင့်အတူ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခဲ့ကြကာ စေတီတော်အား လက်ယာရစ်ပတ် ပူဇော်ကာ စေတီတော်အတွင်း ရှမ်းမျိုးနွယ်စုများက ရိုးရာကိန္နရီ/ကိန္နရာအက၊ တိုးနယားအက တို့ဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြပြီး မီးပုံးပျံများကို လွှတ်တင်ပူဇော်ခဲ့ကြကာ ဌာနဆိုင်ရာများ၏ စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတင်းကျွတ်လပြည့်နေ့ အထိမ်းအမှတ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ကျင်းပသည့် သီတင်းကျွတ် စတုဒိသာဈေးပွဲတော်သို့ သွားရောက်ပြီး တိုင်းမှူး၊ ဒုတိယတိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့်အတူ နိဗ္ဗာန်ဈေးပွဲတော်အတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၊ တပ်ရင်း/ တပ်ဖွဲ့အလိုက် ကျွေးမွေးဧည့်ခံသွားမည့် ရိုးရာအစားအစာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကာ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းရပ်ရပ်ကွက်၊ ရှောဝတီမြစ်ကမ်းပါးရှိ ပြည်သူ့ရင်ပြင်နှင့် ရှောဦးပန်းခြံအတွင်း သီတင်းကျွတ်ပွဲတော်အဖြစ် အများပြည်သူ လွတ်လပ်ပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်ရေး အတွက် ရောင်စုံစလိုက်မီးများ အလှဆင်ထားခြင်း၊ ဒေသခံတိုင်းရင်းသားအဆိုတော်များ၏ စင်တင်တေးဂီတဖျော်ဖြေမှုအစီအစဉ်များဖြင့် ယခင်နှစ်များနှင့်မတူ လာရောက်လည်ပတ် ပျော်ရွှင်သူများဖြင့် စည်ကားများပြားနေမှုကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ သီတင်းကျွတ်ပွဲတော်ကာလအတွင်း အလှည့်ကျ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ထို့အပြင် မြစ်ကြီးနားမြို့၌ နံနက်ပိုင်းနှင့် နေ့ခင်းဘက်များတွင်လည်း မြို့ပေါ်ရှိ လောကမာန်အောင် ဆုတောင်းပြည့်စေတီတော်၊ အံတော်ရှင်စေတီတော်၊ အောင်ဇေရန်အောင်စေတီတော်နှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ရွှေမိုးတောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ ပ.လ.န ရပ်ကွက်တွင်းရှိ မဇ္ဈိမပါလ ထိုင်တော်မူ ရုပ်ပွားတော်ကြီး၊ ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလဆောက်တည်ခြင်း၊ ပန်းရေချမ်းဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဇီဝိတဒါနအဖြစ် ငါးနှင့် ငှက်များ လွှတ်ပေးကြခြင်းဖြင့် အေးချမ်းပျော်ရွှင်စွာ စည်ကားများပြားလျက်ရှိသည့်အပြင် အများပြည်သူ အပန်းဖြေဥယျာဉ်များတွင်လည်း လာရောက်လည်ပတ်ပျော်ရွှင်သူများနှင့် ယခင်နှစ်များနှင့်မတူ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော်　အောက်တိုဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂) ခုရှိရာ အောက်တိုဘာ ၁၈ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် (၃ ဒသမ ၂၈)ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ (၀ ဒသမ ၅၂)ပေ လျော့နည်းခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး (၁၄) ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား (၂၄) နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၁၈.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။　။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၈.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၆၈၀၈ | ၆၂၆.၆၇ | ၅၆၃၄၄၇ | ၁၃၉၁၅ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၂၈ | ၄၉၄၈ | - | ၆၂၇.၁၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၉ | ၆၂၆.၃၀ | ၂၇၅၃၃ | - | ၈.၇၀ | ၈၉၆၇ | - | - | ၀.၁၀ | ၆၂၆.၂၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၄ | ၅၁၈.၈၀ | ၈၈၄၉၄ | ၂၇၁ | ၁.၂၀ | ၃၂၇၆ | - | - | - | ၅၁၈.၈၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၁၅ | ၁၀၂၇၁ | ၇ | ၂.၈၅ | ၁၉၈၆ | - | - | - | ၅၀၉.၂၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၈၀ | ၄၃၇.၉၀ | ၆၉၇၀၀ | ၂၈၅ | ၁.၁၀ | ၃၃၀၀ | - | - | ၀.၀၇ | ၄၃၇.၈၈ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၈ | ၅၃၄.၆၂ | ၇၃၄၇၂ | ၃၂၀ | ၀.၃၈ | ၁၅၂၈ | - | - | ၀.၁၀ | ၅၃၄.၇၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၀၀ | ၇၅၈၉ | ၁၁ | ၂.၀၀ | ၁၁၂၉ | - | - | - | ၄၁၆.၀၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၂ | ၇၀၃.၅၁ | ၁၀၇၄၇၉ | ၉၅ | ၆.၄၉ | ၃၅၆၁၁ | - | - | - | ၇၀၃.၅၃ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၀၃ | ၆၀၁.၈၉ | ၄၉၄ | ၅၁ | ၀.၁၁ | ၆ | - | - | - | ၆၀၁.၈၉ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၄၉ | ၈၆၃.၆၀ | ၁၀၁၉၉ | ၇၀ | ၆.၄၀ | ၄၄၀၁ | - | - | - | ၈၆၃.၆၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၄) ချပ်ထောင်ထားပါသည်။

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေး ဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေကို သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊

❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့လုပ်ဆောင်ပါရန်၊

❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံးပြန်လည်ဆယ်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှု နှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုကို ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊

❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်ကို သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းကို အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊

❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များကို ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များကို ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊

❖ ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများကို ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများကို အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အဦ၊ ကန်များတည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များကို သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan) ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့ကို ပြင်ဆင်ထားရှိပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို မွေးမြူမည့်ငါးများအတွက် သင့်တော်သော ရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အမက ကန်ကြီး အောက်၌ မူအုပ်တာဝန်ထမ်းဆောင်နေသော ဦးမောင်နိုင်(ခ)ဦးမောင်မောင်နိုင် ၉/သစန(နိုင်)၁၄၇၅၁၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်နိုင်(ခ)ဦးမောင်မောင်နိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/19595 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၇/ပခန(ပြု)၀၀၀၃၉၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/69948 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင် ၇/ဒဥန(နိုင်)၁၃၂၃၄၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃စယ/၉၈၇၀၉, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်မိုး ၆/ထဝန(နိုင်) ၀၈၇၁၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**




## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမေရိကန်ပြည်ထောင်စု၊ လော့အိန်ဂျယ်လိစ်မြို့နေ
ဦးဇော်လွင် - (ဒေါ်လှလှမြင့်) တို့၏သား

**ဒေါက်တာရီဇော်**

M.B.,B.S.,M.D.,FAAP, MPH
Associate Professor of Pediatrics
Keck School of Medicine Of USC And
Children's Hospital Los Angeles

နှင့်

အမေရိကန်ပြည်ထောင်စု၊ လော့အိမ်ဂျယ်လိစ်မြို့နေ
ဦးမြတ်အောင် - ဒေါ်သန်းသန်းနွယ် တို့၏သမီး

**မအေးမြတ်သွယ်**

BE.Mech (NTU, Singapore), MS. Mech.Eng (Cal State LA),
MBA (Cal State Fullerton)
Senior Advisor, Business Strategy and Performance Management
Southern California Edison

တို့သည် ၁၇-၁၀-၂၀၂၄ရက် (သီတင်းကျွတ်လပြည့်နေ့) တွင် နှစ်ဖက်မိဘများ၏သဘောတူညီချက်ဖြင့် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**ဒေါက်တာရီဇော်-မအေးမြတ်သွယ်**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့ကမော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာကျော်တက်ရန် စိတ်မချရသောအချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့် အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄၊ မြေကွက်အမှတ်-၁၃၅၊ မြေဧရိယာ ၀ ဒသမ ၀၅၇ ဧကအကျယ်အဝန်းရှိ၊ နှစ်(၆၀) ဂရန်မြေ အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၃၅၊ ယမနေလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်ဝင်း(ဘ) ဦးသာထွန်းအောင် ၇/သဝတ(နိုင်)၀၃၁၄၃၃ ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန် ရှိပါက ဤ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.GP, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၁၅) |
| အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း | အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း |
| အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀ |

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊
(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊
(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊
(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုအစိုးရ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။
(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။
(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။
(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။
(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်မထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်မထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်မထားခြင်းသည်လည်း ရွှေပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။
(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။ ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

MYANMAR CHAMBER OF COMMERCE FOR PHARMACEUTICAL & MEDICAL DEVICE

## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပပြုလုပ်မည့်ရက် ပြောင်းလဲကြောင်း အသိပေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို (၁-၁၁-၂၀၂၄)ရက်အစား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်သို့ ပြောင်းလဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ မွန်းလွဲ(၁:၀၀)နာရီအချိန် UMFCCI မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်မည့် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးသို့ အသင်းဝင်များအားလုံးမှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ပြန်လည်အသိပေး ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ( ၁ )၊ ၁၃ - ညံ့ကွဲ ၊ ခွာညိုလမ်း ၊ အိမ်အမှတ် ( ၂၁ ) နေ (ဘ)ဦးမြင့်ဌေး၏ သားဖြစ်သူ ဦးလုရီဝင်းနှင့် ဦးရှိန်းပြည့်ဖြိုး ၇/ ပခန (နိုင်)၃၁၃၉၇၉ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးလုရီဝင်း ( ခ ) ဦးရှိန်းပြည့်ဖြိုး**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၆၃)၊ ဦးပိုင်အမှတ် (၈-က)၊ ၃၂x၃၃ကြား၊ ၈၆လမ်းx ရွှေတချောင်းကြားရှိ ဦးဇော်လွင်၊ ဒေါ်ခင်မေ၊ ဒေါ်စိုးစိုးအေးအမည်ပေါက်ဘိုးဘမြေကွက်အား ဦးဇော်လွင် (လူပျို ဘ၀)၊ ဒေါ်ခင်မေ (အပျိုဘ၀) တို့ကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ ဒေါ်စိုးစိုးအေး ၉/မရမ (နိုင်)၀၁၇၀၃၈ နှင့် မွေးစားမိခင် ဒေါ်ခင်မေ၏ထံမှ ကိတ္တိမမွေးစားစာချုပ်အမှတ်(၄၆၃၃/၂၀၁၉) ဖြင့်မွေးစားခံခဲ့သူများဖြစ်သော ဦးမင်းခန့်ကျော် ၉/ခအဇ(နိုင်)၀၄၈၆၁၅၊ ဒေါ်မြတ်သိင်္ဂီကျော် ၉/ခအဇ(နိုင်)၀၆၂၇၆၀ တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နဲ့စုရပ်၊ ဘုံးအိုးကျေးရွာ၊ အကွက်အမှတ်(၆၂၀)၊ ဦးပိုင်အမှတ် (၁၂၇ ခဲစင်း)၊ ဧရိယာ ၀ ဒသမ ၀၇ဧက၊ တောင်ကြီးချောင်းတောင်ဘက်၊ ဦးလင်းဗလီအနီးရှိ မြေကွက်အား ဦးသန်းဇော်ဦး ၉/အမရ(နိုင်) ၁၄၇၀၆၇ က အစဉ်တစိုက်နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် အသိပေး ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ မြောက်ငံပြာရည်စုရပ်၊ အကွက်အမှတ် (၃၈၁)၊ ဦးပိုင်အမှတ် (၁၁-က)၊ ဦးသစ် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း အရှေ့အနောက် (၃၄-ပေ)၊ တောင်မြောက် (၂၆-ပေ) အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်၊ (၃)ခန်း ပတ်လည် သွပ်မိုးပျဉ်ကာအဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိသားစုစီမံမှု အရပ်ကတိစာချုပ်အရ လက်ရှိလက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်အုန်းကြိုင်(ဘ)ဦးသစ် ၉/မနမ(နိုင်)၀၅၉၉၇၃ မှ ကျွန်ုပ်၏ မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချရာ ဝယ်ယူရန် သဘောတူညီပြီး ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာ ဌာနသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သဲသဲမာ(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၅၅၉)**
**အေးမေတ္တာ ( ၃ ) လမ်း၊ ကုန်းတန်းရပ်၊ ပုသိမ်ကြီးမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၀၂၆၀၈၄၆၃**

### အထွေထွေကိုယ်စားလှယ်လွှဲစာ ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း”

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ် (စျ-၅)၊ ဦးပိုင်အမှတ်(၁၈)နေ ဒေါ်ဒွမ်ဖောင်းထု(ဘ)ဦးတိန်းယော် ၁/မကန (နိုင်)၀၂၂၇၈၅က မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင် ဌာနမှူးရုံးတွင် ၃-၈-၂၀၂၂ ရက်က အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၁၅၈/၂၀၂၂) အရ ဦးလှထွန်း(ဘ)ဦးအင်လ (၁/မညန(နိုင်)၁၂၅၉၃၁)သို့ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားပါသည်။

အထက်ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား လုပ်ငန်းကိစ္စများ ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ဆက်လက်ထားရှိရန် မလိုအပ်တော့ပါ၍ ပြန်လည် ပယ်ဖျက်မည်ဖြစ်ကြောင်းနှင့် အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ စ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဒွမ်ဖောင်းထု(ဘ) ဦးတိန်းယော်(၁/မကန(နိုင်)၀၂၂၇၈၅)**
**ဦးပိုင်အမှတ်(၁၈)၊ အကွက်အမှတ်(စျ-၅)၊ မြို့သစ်(၃)ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ကျောက်ပျောက်တန်းရပ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက် အမှတ်(၁၁၈)၊ ဦးပိုင်အမှတ် (ယခင်၂-ဇ၊ ယခု-၆)၊ ၈၆လမ်းနှင့် လမ်း၂၀လမ်းထောင့်ရှိ ဦးထွန်းတင်၊ ဒေါ်ထွေးအမည်ပေါက်ဘိုးဘမြေကွက်အား အဘိုးဦးထွန်းတင်၊ အဘွား ဒေါ်ထွေး၊ ဖခင် ဦးမောင်ကို၊ မိခင်ဒေါ်မြိုင်တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးမြေးများဖြစ်ကြသော ဒေါ်ချိုရီ ၉/မနမ(နိုင်)၀၄၇၄၃၉ ၊ ဒေါ်မာမာဝင်း ၉/မနမ(နိုင်)၀၅၇၉၇၈၊ ဦးကျော်ကျော်ဝင်း ၉/မနမ(နိုင်)၀၀၀၁၁၇ ၊ ဒေါ်ယဉ်ယဉ်ထွေး ၉/မနမ(နိုင်)၀၀၀၁၁၈၊ ဦးသီဟကျော်လင်း ၉/မနမ(နိုင်)၁၁၈၇၈၉တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၁၄၊ ဦးပိုင်အမှတ် ၄၃/၆၄x၆၅ကြား၊ ကုသိုလ်တော်xပရန်တော်ချောင်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးတင်ဝင်း ၉/မရမ(နိုင်)၀၇၀၄၅၃က သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံမှကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ကျောက်ဆည်ခရိုင်တရားရုံးတော် ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄

| | | |
|---|---|---|
| ဦးမြတ်မင်းကိုကို | နှင့် | ဒေါ်ချိုရီမြင့် (ခ) တရုတ်မ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သံရွာကျေးရွာအုပ်စု၊ ရဲတံခွန်ရပ်နေ ဒေါ်ချိုရီမြင့်(ခ)တရုတ်မ (ဘ)ဦးချစ်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးမြတ်မင်းကိုကိုက ၁၇-၈-၂၀၂၃ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ဝိုင်းမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသော နေအိမ်နှင့်ဝိုင်းမြေ၏တန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀/- (ကျပ်သိန်းတစ်ထောင့်ငါးဆယ်)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သီတာထွန်း)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၉၊ ဦးပိုင်အမှတ် ၃၃/၆၂x၆၃ကြား၊ သခင်ဖိုးလှကြီးxယောမင်းကြီးလမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးညွန့်ခင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၆၉၆/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဦးခင်မောင်သန်း ၉/မရမ (နိုင်)၀၆၆၈၉၁(၎င်း၏ GPရရှိသူ ဒေါ်ခင်စန်းကြည်)က မြေချထားမိန့်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၀၁)၊ ဦးပိုင်အမှတ် (၉-ခ+၉-ဃ)ခဲစင်းအနောက်ခြမ်း၊ ၂၅x၂၆ကြား၊ ၉၁လမ်းနှင့် သင်္ဂဇာချောင်းပတ်လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ရီရီ ၉/မနတ(နိုင်)၀၇၉၄၇၅ က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်တွင်နေထိုင်သူ ဦးမြင့်လွင် (ဘ)ဦးထွန်းရှင် ၅/ရဘန(နိုင်)၁၁၂၆၇၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်မ၏အမှုသည် ဦးမြင့်လွင်၏မိဘများဖြစ်ကြသော ဦးထွန်းရှင်နှင့်ဒေါ်မြရင်တို့တွင် သားသမီး(၇)ယောက် မွေးဖွားခဲ့ပြီး (ဖခင်)ဦးထွန်းရှင်မှာ ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊ (မိခင်)ဒေါ်မြရင်မှာ ၂၀၁၈ခုနှစ်တွင်လည်းကောင်း ကွယ်လွန်သွားခဲ့ပါသည်။ မိဘများ ကွယ်လွန်ပြီးနောက် ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ ပြင်ဈေးမြောက်ရပ်ကွက်၊ ပြင်ဈေး(မြောက်)ကွင်း၊ ဦးပိုင်အမှတ် (ခ/၁၃၁)၊ ဧရိယာ ၀ ဒသမ ၀၇၁ ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံတစ်လုံး၊ အဆိုပါအဆောက်အအုံပေါ်တွင် ညီမဖြစ်သူ ဒေါ်ဝင်းဝင်းရီနေထိုင်လျက်ရှိပါသည်။ ၎င်းနောက် ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဘူတာ(ခ)ရပ်၊ အောင်ဇေယျလမ်း(ကန်တော်လမ်း)ရှိ ရှေ့နောက်(၁၀၁)ပေ၊ တောင်မြောက်အရှေ့ဘက်ခြမ်း (၃၆)ပေ၊ တောင်မြောက် အနောက်ဘက်ခြမ်း (၄၂)ပေ၊ အကျယ်အဝန်းရှိ ဦးထွန်းရှင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ပါအဆောက်အအုံတစ်လုံး။ (အဆိုပါမြေကွက်ပေါ်ရှိ နေအိမ်မှာ ဦးမြင့်လွင်ဝယ်ယူထားသော နေအိမ်ဖြစ်ပြီး ဦးသန်းအေး-ဒေါ်ဌေးဌေးမြင့်တို့မိသားစုမှ လက်ရှိနေထိုင်လျက်ရှိပါသည်။) အထက်ဖော်ပြပါမြေကွက်(၂)ကွက်မှာ အမွေဆိုင်ပစ္စည်းများအဖြစ် ကျန်ရစ်ခဲ့ပါသည်။

အထက်ဖော်ပြပါ မိဘများကျန်ရစ်သော အမွေဆိုင်ပစ္စည်းများကို ဦးမြင့်လွင်အပါအဝင် ကျန်အမွေဆိုင် မွေးချင်းမောင်နှမများအားလုံး၏ သဘောတူညီချက်မရှိဘဲ မည်သူမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အငှားချထားခြင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းတို့ ဆောင်ရွက်ခြင်း မပြုရန်အတွက် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်အရ-** | **လွှဲအပ်ညွှန်ကြားသူ-** |
| **ဒေါ်ရင်ရင်ဆွေ(စဉ်-၁၇၃၇၂)** | **ဦးမြင့်လွင်(ဘ) ဦးထွန်းရှင်** |
| **တရားလွှတ်တော်ရှေ့နေ** | **၅/ရဘန(နိုင်) ၁၁၂၆၇၁** |
| **၆၅လမ်း၊ ၃၃လမ်း(ရေနီမြောင်းလမ်းထောင့်)** | |
| **မန္တလေးမြို့** | |

### ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံး ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၉၃

| | | |
|---|---|---|
| ဒေါ်နန်းမိုဖောင် | နှင့် | ဦးကျော်ခိုင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်တင်ကြူကြူခိုင်) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ စျ-၂/၇၁ နေ ဦးကျော်ခိုင် (ဘ)ဦးထွန်းလှိုင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်တင်ကြူကြူခိုင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်နန်းမိုဖောင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၄)၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့် အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( သင်းသင်းလှိုင် )**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ အလက(ခွဲ) ရွာတောမှ မူအုပ် ဦးဝင်းကိုသည် စားဖစ်ဘုတ်ထဲတွင် ဦးအုန်းဖေဖြစ်ပြီး အမည်မှန်မှာ ဦးအုံးဖေဖြစ်ကြောင်း။

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၈၄)၊ ဦးပိုင်အမှတ် (၃၁+၃၂+၃၃)၊ ၄၇x၄၈ကြား၊ ၁၄၁x၁၄၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ကျော်လွင် ၁၂/ကတတ (နိုင်)၀၀၀၀၂၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၄)၊ ဦးပိုင်အမှတ် (၅၃နှင့်၅၄)၊ ၆၄x၆၅ကြား၊ ၁၂၉x၁၃၀ကြားရှိဂရန်မြေကွက်အမည်ပေါက်သူ (ဖခင်)ဦးတင်အောင် ၉/မရမ(နိုင်)၀၅၇၅၂၇ မှ သမီးအရင်းဖြစ်သူ ဒေါ်စောနန္ဒာမြင့်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်အမှတ်(၁၂၇+၁၄၈)၊ ၅၅လမ်း၊ ၁၁၁Fx ၁၁၁Gလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလီချိန်ခွမ်း(ခ)မြင့်ဌေး၏ (SP ရရှိသူ ဒေါ်ဝင်းဝင်းမြင့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၂၅၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဌေးမြင့် ၉/မကန(နိုင်)၀၇၆၃၇၄ က အမှုတွဲအမှတ် ၄၅၆၆/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက် အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၁၀၈/၁)၊ မေဃဝန်လမ်းပေါ်၊ မြစ်ကြီးနား-မန္တလေးမီးရထားလမ်းနှင့် ပဲ့ပါမင်းကျောင်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်စိန်(ခ) ချန်ကေစိန်၏ (SPရရှိသူ ဦးအောင်နိုင်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သင်းသင်းမာ ၅/ခတန(နိုင်) ၀၁၄၄၁၅ က အမှုတွဲအမှတ် ၄၅၇၁/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်အမှတ်(၁၄၇)၊ ၅၅လမ်း၊ ၁၁၁Fx ၁၁၁Gလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလီချိန်ခွမ်း(ခ)မြင့်ဌေး၏ (SPရရှိသူ ဒေါ်ဝင်းဝင်းမြင့်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၅၈/၂၀၂၄) ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ဌေးမြင့် ၉/မကန(နိုင်)၀၇၆၃၇၄ က အမှုတွဲအမှတ် ၄၅၆၅/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉-က)၊ ဦးပိုင်အမှတ် (င/၁၀၁)၊ ရန်/မန်လမ်းအနောက်ဘက်၊ မေဇင်သိန်းလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အားအမည်ပေါက်သူ ဦးနေဦး ၉/အမရ(နိုင်)၀၅၇၉၄၉ က ဂရန်စာချုပ်မူရင်းမှာ မီးဘေးကြောင့်ပြေးလွှားရှောင်းတိမ်းရာတွင် ပျောက်ဆုံးသွားခဲ့ပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားရန်နှင့် သက်တမ်းတိုးရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသောဦးနေဦးအမည်ပေါက်ဂရန်စာချုပ်အမှတ် ၂၉၅/RD၉၀-၉၁ အား ဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉၅

| | | |
|---|---|---|
| ဦးကျော်လှိုင်(ခ)ဦးစိုင်းခမ်းထီး | နှင့် | ဦးမြငွေ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဃ-၁/၂၅)၊ မြို့သစ်(၄)ရပ်ကွက်နေ ဦးမြငွေ (ဘ)ဦးထင်ဘ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်လှိုင်(ခ)ဦးစိုင်းခမ်းထီးက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ရက်) မွန်းမတည့်မီ နံနက် ၁၀:၀၀နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကောင်းမြတ်နေခြည်ထူး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မဟာအောင်မြေမြို့ နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

| | | |
|---|---|---|
| ဦးဝေယံဖြိုး | နှင့် | ၁။ ဒေါ်သင်းမိုးလှိုင် |
| | | ၂။ ဒေါ်စိုးသဇင် |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၃၂၂)၊ စိန်ပန်းရပ်ကွက်ရပ်နေ ၁။ ဒေါ်သင်းမိုးလှိုင် (ဘ)ဦးသိန်းအောင်၊ ၂။ ဒေါ်စိုးသဇင် (ဘ) ဦးစိုးဝင်း (ယခုနေရပ်လိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝေယံဖြိုးက " ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက် (၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကောင်းထက်ဇော်)
မြို့နယ်တရားသူကြီး
မဟာအောင်မြေမြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၉)၊ ဦးပိုင်အမှတ် (၈၅)၊ ၆၄x၆၅ကြား၊ ၁၁၅x၁၁၆ကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူအစ်ကို ဦးသန်းထွန်း(ခ)အောင်သန်းညွန့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၅၆၇/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ဌေးကြွယ် ၉/မနမ(နိုင်)၀၉၇၇၅၇၊ ဦးကျော်သိန်း ၉/မနမ(နိုင်)၀၉၇၇၃၄၊ ဒေါ်ခင်စန်းမြင့် ၉/မနမ(နိုင်)၀၉၇၇၅၆ တို့က မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်း၊ တောဂရန်မူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်နှင့်တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသော ဦးသန်းထွန်းအမည်ပေါက်တောဂရန်အမှုတွဲအမှတ် ၉၇/၉၀-၉၁ အားဌာနမှပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြေကွက်ပိုင်ရှင်ဖြစ်ကြောင်းနှင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်ကွက်၊ ပေါက်ချောင်းကွက်သစ် (၁)လမ်းသွယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/စ.ပေါက်ချောင်း)၊ ဦးပိုင်အမှတ်(၄)၊ မြေကွက်အမှတ်(၅၇)၊ မြေကွက် ဧရိယာ၀ ဒသမ ၀၈၀ ဧက (၃၄၈၅ စတုရန်းပေ)၊ မြေကွက်အကျယ်အဝန်း ( အလျား- ၇၀ ပေ x အနံ- ၅၀ ပေ)ရှိ ဒေါ်တင်နု-DV ၀၀၆၄၀၈ ဂရန်အမည်ပေါက်မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်၏ အနားလေးရပ်မှာ အရှေ့လားသော်- အကွက်အမှတ်(၅၈) ဦးမြထွေး နေအိမ်၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဒူးလမ်း၊ မြောက်လားသော်- ပေါက်ချောင်းကွက်သစ်(၁)လမ်းတို့ဖြစ်ပြီး ထိုအနားလေးရပ်အတွင်းရှိ မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ (၂)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ မကျည်းကုန်းရပ်နေ ဦးစံလင်း ၉/မထလ(နိုင်) ၀၇၀၂၁၀၊ (ဘ)ဦးကုတ်ဟိုက အရပ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူထားပြီး ယခုအချိန်ထိ လက်ရောက်ရယူပိုင်ဆိုင်ထားသော မြေကွက်လည်းဖြစ်ပါသည်။ ထို့ကြောင့် ဦးစံလင်း တစ်ဦးတည်းကသာ အဆိုပါမြေကွက်၏ မြေကွက်ပိုင်ရှင်ဖြစ်ပါကြောင်း။

ယင်းမြေကွက်၏ ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော ပိုင်ရေးဆိုင်ခွင့်၏ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာစာထုတ်ပြန်သည့်ရက်မှစတင်၍ (၃၀)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက ယင်းပိုင်းမြေကွက်နှင့် စပ်လျဉ်းသော စီမံခန့်ခွဲမှုကိစ္စအရပ်ရပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစံလင်း ၉/မထလ(နိုင်)၀၇၀၂၁၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟန်မြင့် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၄၇၁)**
**နယ်မြေ(၂)၊ ပေါက်ချောင်း(၁)ရပ်ကွက်၊ မိတ္ထီလာမြို့**
**ဖုန်း-၀၉-၄၀၂၅၃၄၆၉၅၊ ၀၉-၆၉၉၉၂၈၁၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၆၈)၊ ၆၂ x ၆၃ကြား၊ အနော်ရထာ x အောင်ဇေယျလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းလွင် (ခ)ရှောက်ဝူ ၁၃/တကန(နိုင်)၁၉၅၉၅၃ က အမှုတွဲအမှတ် ၄၅၆၉/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့်
## အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်း
## ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်းအနုပညာ ဒီပလိုမာသင်တန်းများ စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါအတိုင်း လျှောက်ထားနိုင်သည် -

(က) **ပညာအရည်အချင်းသတ်မှတ်ချက်**
အခြေခံပညာအထက်တန်း Grade 12 (သို့မဟုတ်) ဒသမတန်းတက်ရောက်ခဲ့သူဖြစ်ရမည်။

(ခ) **သင်ကြားမည့်ဘာသာရပ်များ**

| | |
|---|---|
| (၁) ဂီတပညာဌာန | - စောင်း၊ ပတ္တလား၊ စန္ဒရား၊ တယော၊ အဆို |
| (၂) သဘင်ပညာဌာန | - မြန်မာ့ရိုးရာရုပ်သေးပညာ၊ မြန်မာ့ရိုးရာအကပညာ |
| (၃) ပန်းချီပညာဌာန | - အခြေခံပန်းချီပညာ၊ ရေးဆေးပန်းချီရေးဆွဲနည်း၊ ဆီဆေးပန်းချီရေးဆွဲနည်း |
| (၄) ပန်းပုပညာဌာန | - အခြေခံပန်းပုပညာ၊ မြန်မာ့ရိုးရာပန်းပု၊ ပန်းပုပုံဖော်နည်းပညာ |
| (၅) ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန | - ဓာတ်ပုံပညာ |
| (၆) ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာဌာန | - ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာ |

(ဂ) **သင်တန်းကာလ** - Level (၁)ခုလျှင် (၃)လ၊ စုစုပေါင်း (၉)လ

| | |
|---|---|
| (၁) Level (I) | - ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ် မှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ တတိယပတ် အထိ |
| (၂) Level (II) | - ၂၀၂၅ ခုနှစ်၊ မတ်လ၊ မေလ မှ ဇွန်လ အထိ |
| (၃) Level (III) | - ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလ အထိ |

(ဃ) **သင်ကြားချိန်**
- Level- I (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) - နံနက် (၀၇:၀၀)နာရီမှ(၀၉:၀၀)နာရီ
- Level- II (စနေ၊ တနင်္ဂနွေ) - နံနက် (၀၉ :၀၀)နာရီမှ (၁၂:၀၀)နာရီ

(င) **သင်တန်းသားဦးရေ**

| | |
|---|---|
| (၁) ဂီတ၊ သဘင်၊ ပန်းချီ၊ ရုပ်ရှင်နှင့် ပြဇာတ်၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာန | - ဘာသာရပ်တစ်ခုလျှင် ၅၀ ဦး |
| (၂) ပန်းပုပညာဌာန | - ၂၀ ဦး |

(စ) **သင်တန်းကြေး**

| | |
|---|---|
| (၁) Level (I) | - ၂၀၀၀၀၀ကျပ်/- (နှစ်သိန်းကျပ်တိတိ) |
| (၂) Level (II) | - ၂၅၀၀၀၀ကျပ်/- (နှစ်သိန်းငါးသောင်းကျပ်တိတိ) |
| (၃) Level (III) | - ၃၀၀၀၀၀ကျပ်/- (သုံးသိန်းကျပ်တိတိ) |

(ဆ) **ပေးအပ်မည့်ဒီပလိုမာလက်မှတ်**

| | |
|---|---|
| (၁) အချိန်ပိုင်းအနုပညာဒီပလိုမာ(ဂီတ)/ (သဘင်) (ပန်းချီ)/ (ပန်းပု)/ (ဓာတ်ပုံ) | - Part Time Diploma in Arts (Music)/ (Dramatic Arts)/(Painting)/ (Sculpture)/ (Cinematography) |
| (၂) အချိန်ပိုင်းဒီပလိုမာ (ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု) | - Part Time Diploma in Cultural Heritage Management |

